စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# သံဝရပျိုး

ရှင်မဟာရဋ္ဌသာရ

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

သံဝရမဟာ၊ ရာဇာဟူသည်၊
အမည်တွင်ထ၊ ခတ္တိယကား၊
ဘုရားအလျာ၊ ဆရာနားသွင်း၊
ဆုံးမခြင်း၌၊ ချွန်းစင်းမဆောင်၊
ယဉ်ဆင်ပြောင်သို့၊ မာန်စောင်မမှုန်၊
မသုန်မလည်၊ ဆိုတိုင်းတည်လျက်၊
တို ရှည် နီး ဝေး၊ မင်းရေးအပြား၊
ကျင့်ဘွယ်များကို၊ တရားလျော်မှု၊
ညီစွာပြု၍၊ တခုမကြွင်း ပြီးစေလျှင်း၏။

SMH0002
1,500.00 KS

mgyoe.com

mgyoe.com

သံဝရပျို့ ရှင်မဟာရဋ္ဌသာရ
အပြင်အဆင်-အမ်အက်စ်အိုး၊ စာမျက်နှာ ၈၂++ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၃ ဟံသာဝတီပုံနှိပ်တိုက်ဓာတ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သံဝရပျို့

ရှင်မဟာရဋ္ဌသာရ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | (က) |
| ၁။ | ပစ္စုပ္ပန်ဝတ္ထု | ၁ |
| ၂။ | အတိတ်ဝတ္ထု | ၅ |
| ၃။ | သံဝရမင်းသား ဆရာနှင့်တိုင်ပင်ခန်း | ၇ |
| ၄။ | သံဝရမင်းသားအား ဆရာအကြံပေးခန်း | ၉ |
| ၅။ | သံဝရမင်းသားအား ခမည်းတော်မေးခန်း | ၁၁ |
| ၆။ | ဇနပုဒ်ပေးအံ့ဟုခမည်းတော်မိန့်ဆိုခန်း | ၁၄ |
| ၇။ | ဆရာနှင့်တစ်ဖန်တိုင်ပင်ခန်း | ၁၆ |
| ၈။ | ဥယျာဉ်တောင်းရန်ဆရာအကြံပေးခန်း | ၁၇ |
| ၉။ | သုံးကြိမ်မြောက်ဆရာနှင့်တိုင်ပင်ခန်း | ၂၂ |
| ၁၀။ | မင်းမှုထမ်းတို့ကြည်ညိုရန်ကျင့်ဆောင်ခန်း | ၂၃ |
| ၁၁။ | ပြည်သူတို့ကြည်ညိုရန်ကျင့်ဆောင်ခန်း | ၂၅ |
| ၁၂။ | မင်းကြီးနတ်ရွာစံခါနီး အမတ်တို့မေးခန်း | ၂၇ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၃။ | အမတ်တို့သဘောကျမင်းမြှောက်ရန်မှာခန်း | ၂၉ |
| ၁၄။ | သံဝရမင်းသား မင်းပြုခန်း | ၃၂ |
| ၁၅။ | သံဝရမင်းကို နောင်တော်များဝိုင်းခန်း | ၃၅ |
| ၁၆။ | နောင်တော်များအရေး ဆရာနှင့်ဆွေးနွေးခန်း | ၄၀ |
| ၁၇။ | နောင်တော်များထံ သဝဏ်လွှာပို့ခန်း | ၄၁ |
| ၁၈။ | သံဝရမင်း ဆရာဆိုတိုင်းပြုလုပ်ခန်း | ၄၃ |
| ၁၉။ | သံဝရမင်းအား နောင်တော်များ မေးခန်း | ၄၆ |
| ၂၀။ | သံဝရမင်း မိမိဂုဏ်ကိုဖော်ပြခန်း | ၄၉ |
| ၂၁။ | သံဝရမင်း မိမိဂုဏ်ကို တစ်ဖန်ထုတ်ဖော်ခန်း | ၅၇ |
| ၂၂။ | နောင်တော်ဉပေါသထမင်းသားပြောဆိုခန်း | ၆၇ |
| ၂၃။ | နောင်တော်မင်းသားတို့အား စည်းစိမ်ပေးခန်း | ၇၀ |
| ၂၄။ | ဇာတ်တော်ပေါင်းခန်း | ၇၁ |
| – | နိဂုံး | ၇၃ |
| – | အက္ခရာစဉ်အညွှန်း | ၇၈ |


❖

mgyoe.com

mgyoe.com

# နိဒါန်း

## သံဝရပျို့ဖြစ်ထွန်းလာပုံ

သံဝရပျို့ကို ရှင်မဟာရဋ္ဌသာရ စီကုံးဖွဲ့နွဲ့သည်။

သက္ကရာဇ် ၈၉၁–ခု၊ သက်တော် ၆၁ နှစ်တွင် ဤပျို့ကို ဖွဲ့ဆိုပြီးစီးသည်။

သက္ကရာဇ် ၈၉၁–ခု၊ သက်တော် ၆၂ နှစ်တွင် ရှင်မဟာရဋ္ဌသာရ ပျံလွန်တော်မူသည်။

ထို့ကြောင့် ရှင်မဟာရဋ္ဌသာရ ပြုစုခဲ့သော ပျို့အဖြာဖြာတွင် သံဝရပျို့သည် ဆရာတော်၏ နောက်ဆုံးလက်ရာဖြစ်ကြောင်းမြင်ရသည်။ အသက်အရွယ်ကြီးရင့်၍ ဗဟုသုတပြည့်ဝလုံလောက်သော အရွယ်မှ စပ်ဆိုတော်မူသော ပျို့ဖြစ်သဖြင့်လည်း သိပ်သိပ်သည်းသည်းရှိ၏။ လူရေး၊ လူရာ၊ အကျိုးဖြစ်ထွန်းစရာလည်း များစွာပါဝင်၏။ စာဆို၏ ရည်ရွယ်ချက်ကို –

"နှံ့စပ်မိုးမြေ၊ ရောက်လေရာရာ၊ ပညာရှိအား၊ လေးပါးပစ္စည်း၊ ရွှေ့ရွှေ့ချည်းဟု၊ ထုံးနည်း မယူ၊ ပျင်းသသူတို့၊

mgyoe.com

mgyoe.com


ငါ့တူကျေးဇူး၊ ဆည်းပူးဖွေရှာ၊ ကြိုးစိမ့်ငှာလျှင်၊ ဤစာဆုံး
မကွပ်သတည်း"။

ဟု သံဝရပျို့နိဂုံးတွင် စပ်ဆိုခဲ့ရာ ဆရာတော်၏စေတနာသည် လုံ့လလျော့သူ၊ ပျင်းရိသူတို့ကို ပညာကြိုးစားစေချင်သည်။ ပညာ၏ တန်ဖိုးကို သိစေချင်သည်။ စာဆိုကိုယ်တိုင် ကြိုးစားခဲ့သမျှအကျိုး ဖြစ်ထွန်းသကဲ့သို့ ငယ်ရွယ်သူတို့ကိုလည်း အကျိုးဖြစ်ထွန်းစေချင် သည်။ ပညာတန်ဆောင်ဖြင့်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံမှုဖြင့် လည်းကောင်း လူပုံအလယ်တွင် ထည်ထည်ဝါဝါနေကြစေချင်သည်။ ထင်ပေါ်ကျော်စောခြင်းတည်းဟူသော တံခွန်ကို လွှားစေချင်သည်။ လူချစ်လူခင် ပေါများစေချင်သည်။

ဆရာတော်၏ တစ်သက်တာခရီးကို လေ့လာကြည့်ရှုလျှင် အောက်ပါအတိုင်းတွေ့မည်။

ရှင်မဟာရဋ္ဌသာရသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်ခဲ့သူဖြစ် သည်။ မျိုးရိုးမြတ်ရုံမက ဉာဏ်ပညာထက်မြက်သဖြင့်လည်း စာဆို ပြိုင်ဘက်ဖြစ်သော ရှင်မဟာသီလဝံသ စသော ဆရာတော်များကို ပညာမာန်စောင်ဖြင့် ရန်ထောင်ခဲ့လေသည်။ မိမိကိုယ်ကို အထင်ကြီး ခဲ့လေသည်။ "ငါနှင့်ငါသာ၊ နှိုင်းစရာ" ဖြစ်သည်ဟု ပညာမုန်ယို ခဲ့ပေသည်။

သို့သော် အရွယ်ညောင်း၍ သက်တော်ဝါတော်ရင့်မှည့်လာသော အခါ နောင်တရလေသည်။ မာန်မာနကို ညွတ်ချလေတော့သည်။ ပညာရှိပီပီ ဆရာတော်များအား စာပေပြုစု၍ ကန်တော့လေသည်။ ထိုခေတ်၊ ထိုအချိန်၌ မြန်မာနိုင်ငံတော်လည်း အစည်းပြေလေတော့ သည်။ တစ်ထီးတစ်နန်းစီ ခြားနားပိုင်းသန့်လျက် အုပ်စိုးကြလေသည်။ နေပြည်တော်အင်းဝ၌ ကြီးပြင်းခဲ့သော ဆရာတော်ပင် ပြည်မြို့သို့ ကြွရောက်သီတင်းသုံးတော်မူရလေသည်။ ဤသို့ တိုင်းပြည်ဆူပူလှုပ် ရှားလှိုင်းခတ်နေသည့်ကြား၌ပင် ဆရာတော်သည် ပညာဉာဏ်ရည်

mgyoe.com

mgyoe.com



ကြောင့် အေးငြိမ်းချမ်းသာစွာ နေရပေသည်။

ကိုယ်တွေ့လက်တွေ့ဖြစ်သော သင်ခန်းစာကို ဆရာတော်သုံးသပ်ဝေဖန်ကြည့်၏။ တစ်သက်တာ၏ အပြောင်းအလွဲတို့ကို ဆရာတော်ကြုံခဲ့ပြီးဖြစ်၏။ ရှေ့အဖို့၌ ဆရာတော်၏သက်တမ်းသည် ကုန်ဆုံးလုနီးလေပြီ။ တဝင်းဝင်းထွန်းလင်းခဲ့သော အသက်မီးစာသည် ဖျော့တော့ချုပ်ငြိမ်းတော့မည်။ ထိုသို့ အသက်မီးစာမငြိမ်းမီအလင်းရောင်တောက်ဆဲ၌ ဆုံးမစာတစ်စောင်တစ်ဖွဲ့ကို ထပ်မံရေးသားလိုဟန်လက္ခဏာရှိသည်။ ကျမ်းတစ်စောင်တစ်ဖွဲ့ဖြင့် စာပေကို ထပ်မံဖြည့်တင်းခဲ့လိုဟန်ရှိသည်။

ဤသို့ကျမ်းပြုလိုစိတ် ထက်သန်နေဆဲ မည်သည့်အဖွဲ့မျိုးဖွဲ့ရမည်ကို စိတ်ကူးဆဲတွင် ဆင်ဖြူရှင်သတိုးမင်းစော၏သားတော် ဘုရင်ထွေးကို အလိမ္မာတိုးစေချင်သည်။ ဆရာတော်အပေါ်၌ ပြုထားသောကျေးဇူးကိုလည်း ပြန်တုံ့ဆပ်ချင်သည်။ ဤစာကိုဖတ်ရှုရသော အခြားအခြားသော မင်းတကာတို့အားလည်း ညီအစ်ကိုချင်း သင့်တင့်ညီညွတ်စည်းလုံးချစ်ခင်ကြစေချင်သည်။

ထို့ကြောင့် ရှင်မဟာရဋ္ဌသာရသည် ဇာတ်တော်
၅၅၀ အပါအဝင် ဧကာဒသနိပါတ်–ရှစ်ခုမြောက်ဖြစ်
သော သံဝရဇာတ်တော်ကို ရွေးချယ်စီကုံးဖွဲ့နွဲ့လေသည်။

## သံဝရဇာတ်အကျဉ်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ လုလင်တစ်ဦးသည် တရားတော်၌ သဒ္ဓါယုံကြည်သောကြောင့် ရဟန်းဘောင်သို့ဝင်၏။ ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်ကိုလည်း ကျေကျေပွန်ပွန်သင်၏။ ရဟန်းအဖြစ်ဖြင့် ငါးဝါပြည့်သောအခါ ကမ္မဋ္ဌာန်းစီးဖြန်းလိုသဖြင့် ဆရာတော်များကို ပန်ကြားပြီးသော် နိုင်ငံအစွန်အဖျားတောရွာတစ်ခုသို့ ထွက်

mgyoe.com

mgyoe.com


ခွာသွားလေသည်။ ထိုရွာ၌ ဝါတွင်းသုံးလပတ်လုံး ကမ္မဋ္ဌာန်းကို မနား မနေကြိုးစားအားထုတ်ပါသော်လည်း ဈာန်မဂ်ဖိုလ်တို့ကို ရရန်အရိပ် အခြည်မျှ မထင်သောကြောင့် လက်မှိုင်ချစိတ်လျှော့ပြီးလျှင် တောရွာမှ တစ်ဖန် သာဝတ္ထိပြည်သို့ ပြန်လည်ကြွလာတော်မူလေသည်။

ဘုရားသခင်၏ကျောင်းတော်သို့ရောက်သောအခါ ရဟန်းအပေါင်း သည် လုံ့လဝီရိယလျှော့သောရဟန်းအကြောင်းကို အကုန်အစင် သိမြင်သောကြောင့် ထိုရဟန်းကို ဘုရားသခင်ထံသို့ ဆောင်ကြဉ်း သွားလေ၏။ ဘုရားသခင်အား အကြောင်းစုံကိုလျှောက်ထားသော အခါ ဘုရားသခင်သည် "ဤရဟန်းကား ယခုမှသာ လုံ့လဝီရိယကို လျှော့၏။ ရှေးလွန်လေပြီးသောဘဝ၌မူ ပညာရှိအမတ်ကြီးထံ၌ ဆည်းကပ်ပြီးလျှင် အဆုံးအမခံကာ လုံ့လဝီရိယကိုမလျှော့သော ကြောင့် ညီနောင်တစ်ရာအနက် အငယ်ဆုံးဖြစ်သော်လည်း ထီးနန်း စည်းစိမ်ကို စံစားရခဲ့ဖူးသည်" ဟု သံဝရဇာတ်ကြောင်းကို ပြန်ပြောင်း၍ ဟောကြားတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို အုပ်စိုးတော်မူ သော ဗြဟ္မဒတ်မင်းဝယ် သားတော်တစ်ရာထွန်းကားသည်။ အငယ် ဆုံးမှာ 'သံဝရ' ဟုခေါ်တွင်လေသည်။ ပညာသင်ချိန်သို့ရောက်သော် သားတစ်ရာကို အမတ်ကြီးတစ်ရာတို့ထံ ပညာသင်ရန် အသီးသီးအပ် နှံထား၏။ သံဝရ၏အမတ်ဆရာကြီးမှာ ဘုရားလောင်းဖြစ်သော ကြောင့် ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပြီး သံဝရမင်းသားကို အမြဲဆုံးမလေ့ရှိသည်။

မင်းသားအသီးသီးတို့သည် ပညာပြည့်စုံတတ်မြောက်ကြသော အခါ ခမည်းတော်ထံသို့အခစားဝင်၍ ပညာပြည့်စုံပြီဖြစ်ကြောင်း သံတော်ဦးတင်ကြလေ၏။ ခမည်းတော်လည်း သားတော်တို့၏ အရည်အချင်းကို မြင်ရပြီးသော် နှစ်ထောင်းအားရဝမ်းမြောက်လှသော ကြောင့် "ငါ့သားတို . . .၊ အမောင်တို့ကား သူရသတ္တိနှင့်ပြည့်စုံ၍

mgyoe.com

mgyoe.com



ပညာ အမျိုးမျိုးကို တတ်မြောက်သဖြင့် ထီးဖြူဖြန့်မိုး မင်းအဖြစ်အုပ်စိုးထိုက်သူချည်း ဖြစ်လေသည်။ ယခုတစ်မူ ခမည်းတော်စိုးမိုးအုပ်ချုပ်မင်းပြုနေ စဉ်ဖြစ်သဖြင့် ခရိုင်မြို့ကျေးများကိုသာစား၍ ရောင့်ရဲတင်းတိမ်ကြဘိဦး” ဟု မြို့၊ ရွာ၊ ခရိုင်များကို အပိုင်စားအသနားပေးလေသည်။

ဤသို့နောင်တော်ကြီး၊ နောင်တော်လတ် အသီးသီးတို့ မြို့ကြီး၊ ရွာကြီးများကိုစားကြရသောအခါ သံဝရမင်းသားငယ်လည်း “ငါတစ်ယောက်တည်းသာ မြို့စား၊ ရွာစားမရသေးပေ။ အကယ်၍ နောင်တော်တို့နည်းတူ ငါ့အားကျေး၊ ရွာ၊ ခရိုင်တစ်ခုခုကိုပေးလျှင် ငါယူရအံ့လော၊ ငြင်းရအံ့လော” ဟု မဝေခွဲနိုင်သဖြင့် ဆရာကြီးထံ အကြံဉာဏ်တောင်းလေ၏။

ဆရာကြီးလည်း အရှည်ကိုမြော်ခေါ်တတ်သဖြင့် “အရှင်မင်းသား . . . သီးခြားခရိုင်စားကျေးများကို ပေးလတ်မူလည်း မယူလင့်၊ “ကျွန်တော်မျိုးကား အဘခမည်းတော်၏ ခြေရင်းတွင် တစ်နေ့မပြတ်ခစား ပါရစေ၊ အကျွန်ုပ်ကား သားတော်တစ်ရာတွင် အငယ်ဆုံးဖြစ်သည်။ အကျွန်ုပ်ပါမကျန် ခမည်းတော်ထံရင်းမှ ခွဲခွာသွားသည်ရှိသော် ခမည်းတော်၏အပါးတွင် အသံတိတ်၍ နားတော်ဆိတ်မည်ကို စိုးလှပါသည်ဟု လျှောက်လေ” ဟု သွန်သင်မှာကြားလိုက်၏။

သံဝရမင်းသားလည်း ခမည်းတော်ကမေးသောအခါ ဆရာကြီးသွန်သင်သည့်အတိုင်း ပြန်ကြားလျှောက်ထားရာ ခမည်းတော်လည်းလွန်စွာနှစ်ခြိုက်နှလုံးခိုက်လောက်အောင် ကျေနပ်နှစ်သိမ့်ပေ၏။ မင်းသားငယ်အားလည်း အနူးအညွတ်ခွင့်ပြုတော်မူ၏။

ခမည်းတော်ထံရင်း၌ ဝပ်စင်းခယ နေမြဲကြာသောအခါ ဆရာ၏အကြံပေးချက်အတိုင်း ခမည်းတော်ထံမှ ဥယျာဉ်ဟောင်းတစ်ခုကိုတောင်းယူ၏။ ထိုဥယျာဉ်မှထွက်သော အသီးအပွင့်တို့ကို ဆွတ်ခူးလျက်မှူးမတ်တို့နှင့်တကွ ပြည်သူအားလုံးတို့ကို လက်ဆောင်ပေး၏။ သူစိမ်း၊

mgyoe.com

mgyoe.com



သူကျက်မရွေး မိမိကိုမလိုမညွတ်သူတို့ကိုပင် ပေးကမ်းစွန့်ကြဲ၏။ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံရသူ အပေါင်းအားလည်း ချစ်ဗျူဟာဖြင့် နှုတ်ဆက်၏။ ရိုင်းပင်းကူညီစရာရှိလျှင်လည်း သူတစ်ပါး၏ အလို ပြည့်အောင် ကူညီဆောင်ရွက်ပေးပေ၏။

ဤသို့ဖြင့် တစ်စ တစ်စ လူချစ်၊ လူခင်ပေါများလာသောအခါ ခမည်းတော်ကို ပန်ကြား၍ ထမင်းရိက္ခာတို့ကို လစ်ဟင်းပေါ့လျော့ ခြင်းမရှိအောင် တိုင်းသူပြည်သားတို့အား ညီညီမျှမျှ ဝေခြမ်းပေးငှ လေသည်။

ဤနည်းဖြင့် အမတ်ကြီး၏ အမြင်ကျယ်သော အစီအမံအတိုင်း တဖြည်းဖြည်း မျှား၍မျှား၍ သိမ်းသွင်းလေရာ နောက်ဆုံး၌ တိုင်းမှူ ပြည်မှူ အစုစု အငန်းငန်း သံဝရမင်းသား၏ လက်တွင်းသို့သာ ရောက် ကုန်၏။ တိုင်းသူပြည်သား၊ မှူးကြီးမတ်ရာ၊ သေနာပတိတို့လည်း သံဝရမင်းသားကိုသာ နှစ်နှစ်လိုလို ကြည်ညိုချစ်ခင်ကြကုန်၏။

အခါတစ်ပါး မင်းကြီးနတ်ရွာလားအံ့ရှိစဉ်တွင် မှူးမတ်အပေါင်း တို့ စုရုံးကြပြီးသော် ဤသို့တိုင်ပင်၏။ "အကျွန်ုပ်တို့ အရှင်မင်းကြီး ၌ သားတော်တစ်ရာရှိ၏။ ထိုသားတော်တို့အနက် တစ်ပါးပါးကို ရွေနန်းလျာမထားခဲ့လျှင် မင်းကြီးနတ်ရွာလားသောအခါ ထီးနန်းလု လျက် တိုင်းပြည်ကြေညက်ပျက်စီးဖွယ်ရာဖြစ်တော့မည်" ဟု တိုင်ပင် ကာ ဘုရင်မင်းမြတ်ထံ လျှောက်ကြားတောင်းပန်ကြလေ၏။ မင်းကြီး လည်း "ငါ့သားတော်အားလုံးပင် ထီးနန်းကိုဆက်ခံ စိုးစံထိုက်သူချည်း ဖြစ်သည်။ မှူးတော်၊ မတ်တော်တို့သာ ပြည်သူတို့သဘောဖြင့် နှစ် သက်သူကို ရွေး၍ထီးနန်းတင်ကြလော့" ဟု မိန့်ဆိုမှာကြားပြီးလျှင် နတ်ရွာလားလေ၏။

ဘုရင်မင်းမြတ်နတ်ရွာစံသောအခါ မှူးမတ်တော်တို့လည်း အညီ အညွတ်ပင် သံဝရမင်းသားအား နန်းတင်ကြလေ၏။ အငယ်ဆုံး ညီထွေးကို နန်းတင်သည်ဟု နောင်တော်တို့ကြားလေသောအခါ

mgyoe.com

mgyoe.com


မကျေမနပ်ဖြစ်ကြ၍ စစ်သည်ဗိုလ်ပါအသီးသီးဖြင့် ဗာရာဏသီမြို့ကို ဝန်းရံကြလေ၏။ "နန်းကိုလည်း ပေးမည်လော၊ စစ်တည်းပြိုင်မည်လော" ဟု ရာဇသံမိန့်လွှာကို သံဝရမင်းထံ ပို့ကြလေ၏။

ထိုအခါ သံဝရမင်းလည်း မည်သို့ပြုရအံ့နည်းဟု ဆရာကြီးထံ အကြံတောင်းပြန်လေ၏။ ဆရာကြီးလည်း "အသင်မင်းကြီး၊ နောင်တော်တို့ကို စစ်မပြိုင်စကောင်း။ ခမည်းတော်၏အမွေကို အစုတစ်ရာပုံ၍ နောင်တော်တို့၏ဝေစုကို ယူလှည့်ကြပါကုန်၊ စစ်မပြိုင်လိုပါဟု လျှောက်လေ" ဟု ညွှန်ပြပြန်၏။

ဆရာ၏အမိန့်အတိုင်း သံဝရမင်း လိုက်နာလေရာ အစ်ကိုကြီးဖြစ်သော ဥပေါသထလည်း ညီတော်များအား "ညီတော်တို့ . . .၊ သံဝရသည် ငါတို့ကို မခုခံပေ။ ငါတို့၏ ဝေစုကိုလည်းပေး၏။ ကိုးဆယ်ကိုးယောက်သော ငါတို့လည်း တိုင်းပြည်ကို တစ်ပြိုင်နက် မင်းပြု၍ မဖြစ်၊ သံဝရပင် မင်းပြုပါစေလော့" ဟု မိန့်လေ၏။ ညီတော်တို့လည်း သဘောတူကြလေ၏။

ဤသို့သဘောတူပြီးမှ နောင်တော်တို့လည်း ဗာရာဏသီမြို့တွင်းသို့ ဝင်ကြ၏။ သံဝရလည်း ချေချေငံငံ ရှိသေစွာပင် လက်ဆောင်လက်နက်များဖြင့် ခရီးဦးကြိုပြု၏။ လိုလေသေးမရှိအောင် ဧည့်ဝတ်ပြု၏။

ညီတော်၊ နောင်တော်တို့ ဆုံတွေ့ကြသောအခါ သံဝရ၏ ကြံရည်ဖန်ရည်ကို နောင်တော်ကြီးလည်းမေးမြန်းပြောဆို၏။ သံဝရ၏ သိမ်မွေ့နူးညံ့၊ လိမ္မာလှသောအဖြစ်သနစ်ကိုမြင်သောအခါ နောင်တော်တို့လည်း ညီတော်အား ချစ်ခင်ကြည်ညိုလျက် ဗာရာဏသီသို့ ရောက်အံ့သောရန်ကို ငါတို့သည် ကျေးရွာခရိုင်အသီးသီးမှ ဆီးတားကာကွယ်အံ့ဟု ကတိပြုပြီးလျှင် နေရပ်အသီးသီးသို့ ပြန်ကြလေ၏။

ထို့ကြောင့် သံဝရမင်းသားသည် ညီနောင်တစ်ရာအနက် အထွေးဆုံးဖြစ်သော်လည်း ဆရာကောင်းကို အမှီရ၍လည်းကောင်း၊ မြော်

mgyoe.com

mgyoe.com



မြင်လှစွာသော ဆရာ့စကားကိုလိုက်နာ၍လည်းကောင်း၊ လူချစ်လူခင် ပေါများအောင် ကြံဆောင်ခြင်းဖြင့်လည်းကောင်း၊ မနားမနေ ကြိုးစား အားထုတ်သဖြင့်လည်းကောင်း၊ ညီအစ်ကိုတို့ကို ချေချောင်ငံဆက်ဆံ သဖြင့်လည်းကောင်း လောကဥ္စပင်လျှင် ထီးနန်းစည်းစိမ်ကို ခံစား ခဲ့ရဘူးလေသည်။

## ရှင်မဟာရဋ္ဌသာရ အတ္ထုပ္ပတ္တိ

သက္ကရာဇ် ၈၃၀–ပြည့်နှစ် ဝါဆိုလ၊ ပြည်စုန်ဘုရင်သီဟသူရ နန်းတက်သောနှစ်တွင် အဝပြည်၌ နောင်အခါ **“ရှင်မဟာရဋ္ဌသာရ”** ဟု တွင်မည့် မောင်မောက်ကို ဖွားမြင်သည်။ ခမည်းတော်၏ မျိုးရိုးမှာ မွန်မင်းမျိုးဖြစ်သည်။ ဟံသာဝတီကိုစိုးစံသော ရှင်စောပု၏ မောင် ပုသိမ်မြို့စား ဗညားရန်၏သားတော် ဗညားအိမ်နှင့် ရှင်စောပု၏ သမီးတော်ကို ထိမ်းမြားသည်။ ထိုမောင်နှံမှ ဆင်းသက်သော မြေးတော် ဓမ္မပါလသည် ရှင်မဟာရဋ္ဌသာရ၏ ခမည်းတော်ဖြစ်သည်။ မယ် တော်၏ မျိုးရိုးမှာလည်း ရှမ်းမင်းမျိုး မင်းနွယ်တည်း။ ရတနာပူရ အဝပြည်ကြီးကို တည်ထောင်တော်မူသော သတိုးမင်းဖျား၏ မိဖုရား သုံးပါးအနက် စောမင်းညိုတွင် စောနန်းကို ဖွားမြင်သည်၊ စောနန်း၏ မြစ်တော်သည် ရှင်မဟာရဋ္ဌသာရ၏ မယ်တော်ဖြစ်သည်။

ထို့ကြောင့် ခမည်းတော်၊ မယ်တော်နှစ်ဖက်၊ နှစ်နွယ်ပင် မင်းမျိုး၊ မင်းနွယ်ဖြစ်သည်။

ငယ်စဉ်ကပင်လျှင် မောင်မောက်သည် နန်းတွင်းနန်းဆောင်တို့၌ မင်းသမီး၊ မင်းသားများနှင့် အတူတကွ အကျွမ်းဝင်ပေသည်။ နန်းတော် ထက်မှာပင် ကဗျာလင်္ကာတို့ကို လေ့ကျက်၏။

ငါးနှစ်သားတွင် ပညာစသင်၏။ ရှစ်နှစ်ရွယ်တွင် မယ်တော်နှင့် ခမည်းတော်တို့သည် မောင်မောက်ကို ဒုတိယမင်းခေါင်ထံသား အမှတ် မွေးမြူရန်အပ်နှံသည်။ ဉာဏ်ရည်နှင့် ရုပ်ရည်သွင်ပြင်ကို နှစ်သက်

mgyoe.com

mgyoe.com

သောကြောင့် ဘုရင်မင်းခေါင်လည်း ဝမ်းမြောက်ဝမ်းသာ ကြည့်ရှု မစတော်မူသည်။

သာမဏေဘောင်သို့ ဝင်သောအခါ မောင်မောက်သည် ရှင်ရဋ္ဌသာရ ဟု တွင်သည်။ ရှေးဦး၌ နောင်တော်ဝရစက္ကပါလ မထေရ်ထံတွင် စာပေသင်ကြား၍ အခြေခံရသည်။ ထို့နောက် ပိဋကတ်တွင် ကမ်းခပ်သော သီဟိုဠ်ရောက် ဆရာတော်ထံ ပညာဆက်လက်ဆည်းပူးသည်။ သက္ကဋ၊ ပါဠိ၊ ဗေဒင်၊ ဆန်း၊ အလင်္ကာ၊ ကဗျာတို့ကို ရှင်ရဋ္ဌသာရသည် အလွယ်တကူ တတ်မြောက်တော်မူသည်။

၁၆–နှစ်ရွယ်တွင် ဘူရိဒတ် လင်္ကာကြီးကို စီကုံးသည်။

၂၆–နှစ်ရွယ်တွင် ဘူရိဒတ် ဇာတ်ပေါင်းပျို့ကို ဖွဲ့နွဲ့သည်။

၂၈–နှစ်ရွယ်တွင် တံတားဦးတည် မော်ကွန်းကို ရေးသားသည်။

သက်တော် ၅၅–နှ ၵ်တွင် စတုဓမ္မသာရကိုးခန်းပျို့ကို ဖွဲ့ဆိုပြီးစီးသည်။ နိဂုံးကိုမူ ၈၈၈–ခုနှစ်တွင် ပြည်မြို့၌ ဆက်လက်စီကုံးသည်။

အဝရွှေနန်းကြော့ရှင် ဘုရင် နရပတိ လက်ထက် ၈၆၃–မှ၊ ၈၈၈–ခုနှစ် အတွင်းတွင် "ပုံတောင်နိုင်မော်ကွန်း၊ ဝတ်ရုံကျောင်းဖွဲ့မော်ကွန်း" နှင့် ဂမ္ဘီသာရပျို့တို့ကို ရေးသည်။

ရှင်ရဋ္ဌသာရ၏ အဖွဲ့အဆို ကဗျာဉာဏ်ရည်တို့ကို ဖတ်ရှုသူ အများပင် နှစ်သက်ကြည်ညိုကြရကား ရှင်ရဋ္ဌသာရကို "မဟာ" ထပ်လောင်းကာ "ရှင်မဟာရဋ္ဌသာရ" ဟု ကြည်ကြည်ညိုညို ခေါ်ဆိုကြလေသည်။

သက္ကရာဇ် ၈၈၆–ခုတွင် မိုးညှင်းစော်ဘွား စလုံနှင့် ပြည်မြို့ဘုရင် ဆင်ဖြူရှင်သတိုးမင်းစောတို့ ပူးပေါင်း၍ အဝကိုတိုက်ရာ ရွှေနန်းကြော့ရှင် စစ်ရှုံးသည်။ ပြည်မြို့ဘုရင်လည်း ရှင်မဟာရဋ္ဌသာရနှင့် တကွ ရဟန်းပညာရှိ၊ လူပညာရှိအပေါင်းတို့ကို ပြည်သို့ ပင့်ဆောင်

mgyoe.com

mgyoe.com


သွား၏။ ပြည်မြို့သို့ရောက်လျှင် ရှင်မဟာရဋ္ဌသာရကို –

(၁) ပုထိုးကျောင်း

(၂) တောင်ခွင်ကျောင်း

(၃) မင်းတုန်းကျောင်း

(၄) သံဃရာဇာဟု သာသနာပိုင်ခန့်၍ ရွှေဆံတော်ဘုရားမြောက်တွင် ထီးဖြူရုံကျောင်းကြီး

(၅) တပြက်သာကျောင်း . . . ပေါင်း ၅ ကျောင်း ဆောက်လုပ်ကိုးကွယ်တော်မူသည်။

**သက္ကရာဇ် ၈၈၈–ခုနှစ်တွင် ဆင်ဖြူရှင် သတိုးမင်းစော အနိစ္စ** ရောက်၍ သားတော်ဘုရင်ထွေး နန်းတက်သည်။ ဘုရင်ထွေးလည်း ခမည်းတော်ကဲ့သို့ပင် ရှင်မဟာရဋ္ဌသာရ သာသနာပိုင်ဆရာတော်ဘုရားကို ကြည်ညိုရင်းစွဲရှိသဖြင့် ပြည်မြို့နှင့် ရွှေတောင်မြို့စပ်ကြား အခွန်တစ်သောင်းထွက်သော ဥယျာဉ်တော်နှစ်ရပ်အတွင်း လေးမျက်နှာ တံတိုင်းခတ်၍ ဆုတောင်းပြည့်ဘုရား၊ မင်္ဂလာစေတီ၊ တန်ဆောင်း၊ ဓမ္မအိမ်၊ ရွှေသိမ်၊ ကျောင်းစဉ် ကျောင်းတန်းနှင့်တကွ ဥယျာဉ်သစ်ပင်မျိုးစုံကို စိုက်ပျိုး၍ ရေတွင်းပေါင်းများစွာဖြင့် နန်းတော်တမျှ လှပဆန်းကြယ်သော ဘုံသုံးဆင့်ကျောင်းဗိမာန်ကြီးကို ဆောက်လုပ် လှူဒါန်းတော်မူသည်။

ထိုကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် **သံဝရပျို့**ကို စပ်ဆိုစီရင်တော်မူသည်။ ပြည်မြို့တွင် ထင်ပေါ်ကျော်စောသော ဝံတောင်လည် ဘုန်းတော်ကြီးနှင့် အမေးအဖြေရတုတို့ကိုလည်း ရေးတော်မူသည်။

သက္ကရာဇ် ၈၉၂–ခု သက်တော် ၆၂ နှစ်တွင် ထို ကျောင်းဗိမာန်ထက်၌ ပျံလွန်တော်မူသည်။

ရှင်မဟာရဋ္ဌသာရဆရာတော်သည် ပျို့ကဗျာများကိုသာမက ငယ်စဉ်က ချစ်ရေးချစ်ရာသွယ်ခဲ့ပုံကိုလည်း ရတုများဖြင့် ရေးသား

mgyoe.com

mgyoe.com


ခဲ့ပေ သေးသည်။ 'ဝဏ္ဏပဘာ' နှင့် 'ပုရေနိသင်' ချီရတု နှစ်ပိုဒ်တွင် ပုထုဇဉ်တို့၏ဘာဝချစ်ကြိုးဖြင့် မည်သို့နှောင်ရစ်ဖွဲ့နွဲ့ခံခဲ့ရပုံတို့ကို သနားစဖွယ် တွေ့ရပေသည်။ အချစ်ဒဏ်ကို မခံမရပ်နိုင်သဖြင့် အသည်းကြေကွဲလုမတတ် ပြင်းစွာခံစားရရှာသည်။ သာသနာရေးက တစ်ဖက်၊ ချစ်ရေးကတစ်ဖြာ သူသာ၊ ငါနိုင် အားပြိုင်ရာ၌ ရှင်ရဋ္ဌသာရ သည် အချစ်ကိုဖြတ်၍ သာသနာရေးကို အနိုင်ပေးရှာသည်။

လူသာမန်တို့ ကြံ့ကြံ့ခံနိုင်ခဲသော အချစ်နှင့် သာသနာစစ်ပွဲတွင် သာသနာဘက်မှ အနိုင်တိုက်ယူနိုင်သောသတ္တိမှာ ချီးမွမ်းဖွယ်၊ ကြည်ညိုဖွယ်ဖြစ်ပေသည်။ သို့သော် ထိုစစ်ပွဲမှရသောဒဏ်ကား မနည်းပေ။ ရခိုင်ပြည်သို့ပင် ခရီးထွက်ရှာ၏။ ရခိုင်ပြည်၌လည်း နေ၍မပျော်၊ ပျော်၍မပြေ မြန်မာပြည်သို့သာ တအောက်မေ့မေ့၊ တတမ်းတတဖြစ်သဖြင့် ရတုစီကုံးခဲ့သေး၏။ တစ်ဖန် ရွှေစက်တော်ဘုရားသို့ ဘုရားဖူးကြွချီသော်လည်း တောတောင် ရေမြေသာယာပုံ၊ ငှက်တိရစ္ဆာန်ဖို၊ မ တို့ လည်ချင်းယှက်နွဲ့ ပျော်ပွဲဝင်ပုံတို့ကို တွေ့ရသောအခါလည်း ရှင်ရဋ္ဌသာရသည် မချိခွေနုံး ရတုစီကုံးခဲ့ပေသေးသည်။

## ပျို့

မြန်မာကဗျာတွင် ပျို့–ဟူသော အဖွဲ့အနွဲ့သည် တစ်ခုအပါအဝင်ဖြစ်သည်။ ပျို့ကို လေးလုံးစပ်လင်္ကာစပ်နည်းမျိုးအတိုင်းပင် စပ်ဆိုသည်။ ပျို့ နှင့် လင်္ကာ ခြားနားခြင်းမှာ လင်္ကာသည် ဦးစွာအစတွင်သော အမည်ဖြစ်၍ ပျို့မှာ နောက်မှခေါ်တွင်သော အမည်ဖြစ်သည်။

တစ်မျိုးတစ်ဖုံရှင်းပြရလျှင် လင်္ကာသည် အများခေါ်ဝေါ်သော နာမည်ရိုးရိုးဖြစ်၍ ပျို့–ဟူသော အမည်မှာ နန်းတွင်းသူ၊ နန်းတွင်းသားများ အသိမ်အမွေ့၊ အယဉ်အကျေးခေါ်ဆိုသောအမည်ဖြစ်သည်။ ပျို့နှင့် လင်္ကာ တစ်သဘောတည်းဖြစ်ကြောင်းကို အင်းဝခေတ်၌ပင် ရှင်မဟာရဋ္ဌသာရ ရေးသော ဘူရိဒတ်လင်္ကာကြီးဖြင့် သိသာသည်။

mgyoe.com

mgyoe.com


၁၂၄၆ ခု ဝါဆိုလနှင့် နယုန်လတွင် ရတနာပုံနေပြည်တော်-နန်းမြို့တော်ကြီးအတွင်း လွှတ်တော်ရှေ့စာပုံနှိပ်စက်ရုံတော်တွင် ဆုတောင်းခန်းပျို့နှင့် ပါရမီတော်ခန်းပျို့တို့ကို စက်တင်ပုံနှိပ်ခဲ့သည်။ ထိုဆုတောင်းခန်းနှင့် ပါရမီတော်ခန်းတို့ကိုလည်း လင်္ကာဟုပင် နာမည်မှည့်သည်။

ရှေးဦးသက္ကရာဇ် ၇၁၄–ခုနှစ်၊ လေးစီးရှင်ကျော်စွာ ခေါ် သီဟသူမင်းလက်ထက် ကျော်စောသော အမတ်ကြီး "သီရိမဟာ စတုရင်္ဂဗလ" လျှောက်ထားသောရတုကိုဖြေရာ၌ ပုဂံရွှေစည်းခုံဘုရားအနီး သီတင်းသုံးတော်မူသော ဆူးတွင်းပစ်ဆရာတော်က "နှုတ်မင်္ဂလာပျို့ဖြင့် မေးသည်ကို ကဗျာလင်္ကာပျို့ဖြင့်သာဖြေအံ့" ဟု မိန့်ကြားပဋိညာဉ်ပြုတော်မူသည်။

အထက်ပါအချက်များကိုထောက်၍ လင်္ကာနှင့်ပျို့ဟူသော အခေါ်အဝေါ်တို့သည် အတူတူပင်ဖြစ်သော်လည်း ရှေးဦး၌ လင်္ကာခေါ်၍ နောက်နှောင်းမှ ပျို့ ဟု ယဉ်ကျေးစွာမှည့်ခေါ်ကြောင်း ဝေါဟာရသမိုင်းကို တွေ့ရသည်။ ယခုခေတ်၌မူ လေးလုံးစပ်ဖြင့် စပ်ဆို၍ အမည်သီးခြားမမှည့်သော ကဗျာမှန်သမျှကို လင်္ကာဟု ခေါ်တွင်တော့သည်။

ပျို့၏အဓိပ္ပာယ်ကိုလည်း ပညာရှိ အသီးသီး အမျိုးမျိုး ယူဆကြသည်။

ကဗျာဗန္ဓသာရကျမ်းအဆိုမှာ ဖတ်၊ နာ၊ ကြည့်ရှုသူတို့၏စိတ်နှလုံးကို ယူကျုံးသည့်အသွင် ကြည်လင်နှစ်သက်စေတတ်သောစာဖြစ်သောကြောင့် "ပျို့" သမုတ်သည်ဟု ဆို၏။

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "မနံ ပိနေတီတိပျို့" ဟု ဝိဂြိုဟ်ပြုသည်။ အနက်ကား မနံ၊ စိတ်ကို။ ပိနေတိ၊ နှစ်သက်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံကဗျာ၊ ထိုကဗျာသည်။ ပျို့၊ ပျို့မည်၏ဟုဆို၏။

အများအပြားသော ပညာရှိများကမူ ပျို့သည် မြန်မာစကားစစ်စစ် "ပို့" မှ ဆင်းသက်လာသည်ဟုဆို၏။ ကျောက်စာများရှိ မီးကီမှ

mgyoe.com

mgyoe.com



နောင်တဖြည်းဖြည်း မီးကျီး၊ စာခိမှ စာချိ၊ ကိန်–ခိန်မှ ကျိန်–ချိန် စသည်ဖြင့် ယပင့်ပိုလာသကဲ့သို့ ပို့မှလည်း ပျို့ဖြစ်လာသည်ဟု ယူဆကြသည်။ ပို့၏အနက်မှာ နှစ်သက်ခြင်း၊ ပြည့်လျှမ်းခြင်း၊ အရောင်တောက်ခြင်းဟု အဓိပ္ပာယ်ပြားရာ ဤနေရာ၌ နှစ်သက်စဖွယ် ဖွဲ့ဆိုထားသော ကဗျာဟု ယူဆကြသည်။

အချို့လည်း ပီဏမှ ပျို့ဖြစ်သည်ဟု ကြံစည်ကြသည်။ ဤအကြံကား ဝေးလှခေါင်လှသည်။

ပျို့၏အဓိပ္ပာယ်ကို စုပေါင်းပြန်ဆိုလျှင် **"ပျို့သည် လေးလုံးစပ်လင်္ကာတွင် ပါဝင်၍ ဖတ်ရှုသူတို့၏စိတ်နှလုံးကို နှစ်သက်ကြည်နူးစေသော အဖွဲ့ဖြစ်သည်"ဟု ယူဆအပ်ပေသည်။**

နှစ်သက်ကြည်နူးစေတတ်သော အဖွဲ့တိုင်းကို ပျို့ခေါ်ပါသလောဟု မေးစဖွယ်ဖြစ်ပေါ်လာပြန်ရာ အများအားဖြင့် မြတ်စွာဘုရားဟောတော်မူသော ဇာတ်၊ နိပါတ်၊ ပုံပြင်ဝတ္ထုတို့ကို မှီး၍နှစ်သက်စဖွယ်၊ ဖတ်ချင်စဖွယ် လေးလုံးစပ်လင်္ကာဖြင့် စပ်ဆိုထားသောအဖွဲ့မျိုးကို ပျို့ဟု ဆိုအပ်လေသည်။

## သံဝရပျို့အရသာ

သံဝရပျို့ကို ဇာတ်နိပါတ်တော်မှ မှီး၍ရေးစေကာမူ ရှင်မဟာရဋ္ဌသာရ သာသနာပိုင်ဆရာတော်၏ ဉာဏ်ကွန့်မြူးထားသော အချက်ကောင်းများစွာ ပါဝင်သည်။

သံဝရပျို့တွင်စပ်ဆိုထားသော အပိုင်းနှစ်ပိုင်းသည် အဓိကရည်ရွယ်ချက် အပိုင်းများဖြစ်သည်။ သံဝရမင်းသားကို ဘုရားလောင်းအမတ်ကြီး ဆုံးမခန်းသည် စင်စစ်အားဖြင့် ရှင်မဟာရဋ္ဌသာရဆရာတော်က ဖတ်ရှုသူ လူငယ်လူရွယ်တိုင်းကို ဆုံးမသော အခန်းဖြစ်သည်။ တစ်ဖန် သံဝရမင်းက နောင်တော်ကြီးအား မည်သို့မည်ပုံ ကျင့်ကြံဆောင်ရွက်၍ လူချစ်လူခင် ပေါများရပုံကို ပြန်လည်လျှောက်ထား

mgyoe.com

mgyoe.com



သော အခန်းသည်လည်း အမှန်အားဖြင့် စာဖတ်သူတို့သည် လူမှုလူရေးတွင် မည်သို့ ဆက်ဆံရမည်၊ အခြားသူတစ်ပါးအပေါ်၌ မည်သို့ မည်ပုံစိတ် သဘောထားရမည်ကို သွယ်ဝိုက်သောနည်းဖြင့် ဆုံးမသော အခန်းဖြစ်သည်။

ထိုနှစ်ခန်းအပြင် ပျို့တစ်စောင်လုံးတွင် နှစ်သက်စရာအဖွဲ့ကောင်းများ ပါဝင်လေသည်။

> "ညဥ့်နေကြိုးစား၊ စေ့ဆော်ငြားလည်း၊ တိမ်ကြားမိုးလယ်၊ လျှပ်နွယ်တပြက်၊ ပြိုးတပြွက်မျှ၊ ရှာန်မဂ်ရမည်၊ ရိပ်ခြည်မထင်"။

စသော ဥပမာပေးပုံကလေးမှာ သိမ်မွေ့လှပေသည်။

မိမိလိုချင်ရာရာ ပစ္စည်းတစ်ခုခုကို အနီးအပါးမှ ကြိုးစားသည်ထက် အဝေးမှနေ၍ ကြိုးစားက မအောင်မြင်နိုင်ပုံကို "တောင်ထွတ်ဖျားထက်၊ အေးချိုမြက်သား၊ သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေဘာ၊ ယူဇနာက၊ လှမ်းကာမီနိုး၊ ဆွတ်မည်ကြိုးသို့" ဟု ဥပမာပေးထားရာ မျက်စေ့ထဲ၌ ကွက်ကွက်ကွင်းကွင်း ထင်မြင်နိုင်ပေသည်။

ထို့ပြင် စကားပုံဟောင်းကလေးများကိုလည်း ကြိုးကြားကြိုးကြား ထည့်သွင်းတတ်ပေသေးသည်။

> "အငယ်တည်းက၊ မဆုံးမသော်၊ မိဘတစ်လည်း၊ ရန်သူမည်ခဲ့"။

ဟူ၍ သားသမီးများကို ငယ်စဉ်က မဆုံးမလျှင် ကြီးပြင်းလာသောအခါ ထိုသားသမီးတို့သည် မိဘ၏ရန်သူမည်ကြောင်းကို ဖော်ပြပေသည်။

ပညာမဲ့သူတို့ မတင့်တယ်ပုံကိုလည်း . . .

> "ယောကျ်ားတကာ၊ တတ်စရာ၌၊ လိမ္မာမပွန်၊ အရွယ်လွန်မူ၊ ရွှေဟန်ဆင်းရောင်၊ ဟင်္သာဘောင်တွင်၊ အတောင်ဖြူစွာ၊ ဗျိုင်းပမာသို့၊ ပညာရှိလယ်၊ မတင့်တယ်ခဲ့"။

ဟူ၍ ဟင်္သာနှင့် ဗျိုင်းကို နှိုင်းယှဉ်ကာ ရွှေရောင်နှင့် အဖြူရောင်ကို

mgyoe.com

mgyoe.com



နှိုင်းယှဉ်ဖော်ပြထားပေသည်။

ကိုယ်တစ်ယောက် ကောင်းစားရေးအတွက် အများဒုက္ခရောက်ရပုံကိုလည်း–

"တစ်ယောက် ချမ်းသာ၊ ကိုယ်ဖို့ရှာ၍၊ သတ္တဝါပေါင်း၊
ဆင်းရဲကြောင်းဖြင့်"

ဟု လက်သုံးစကားကို ထွင်ခဲ့ပေသည်။

စာအရေးအသား ကာရန်ယူပုံနှင့် ပတ်သက်၍လည်း–

"ဝ သာအဆွဲ၊ ချခဲပိုဒ်များ၊ ဆယ့်တစ်ပါးကို၊ မင်းသား
သံဝရ၊ မိန့်ဟန်ပြ၏"။

ဟု သဝေထိုး၊ ဝဆွဲ ကာရန်ယူပုံကိုဖော်ပြပြီးသော်–

"ကောရန္တ၊ မြန်မာ့အမူ၊ မှတ်တစ်ခုဖြင့်၊ စေ့ငုရှာဖွေ၊
ရတတ်စေလော့"။

ဟု နောင်လာ နောက်သားများကိုပင် သတ်ပုံအရာ၌ သင်ပြခဲ့ပေသေးသည်။

ထိုခေတ်၌ ခေတ်စားနေသော ပွဲလမ်းသဘင်၊ သီချင်းဂီတတို့ကိုလည်း–

"ညဥ့်ခါညဥ့်ခါ၊ ကြည့်ချေရာကား၊ လသာပကြိုက်၊
စောင်းငြင်းလိုက်၍၊ ဇရိုက်ခြည်းခြည်း၊ ဖြည်းဖြည်း ညင်း
ညင်း၊ သာချင်းရတု၊ ပျော်မှုတသီး၊ ရုပ်ကြီးရုပ်ငယ်၊ မီး
ဝယ်ကြည်ပွဲ၊ အံ့အဲမနိုင်၊ အဆိုင်ဆိုင်လျှင်၊ အဲတိုင်အဲခံ၊
အန်ထောက်သံနှင့်၊ ခုန်ပျံတန်းတက်၊ ရေခွက်ခြေထား၊
လှုပ်ရှားမယို၊ သန်ကိုယ်ကြွားကြွား၊ ပြေးလွှားကြွက်
လျှောက်၊ မိုးမြှောက်ရန်ပြန်၊ လှင်ကန်တောင်းရေး၊ မှာ
ပြေးမှာဝန်း၊ မှာသွန်းဟန်ပြ၊ ကာကခွင်သီ၊ ရှုအိနာဖွယ်၊
နတ်ပြည်ဆွယ်၏"။

ဟု စေ့စေ့ငငဖော်ပြစပ်ဆိုထား၏။

mgyoe.com

mgyoe.com


ထိုခေတ်က ညအခါ လသာသာတွင် တိုင်းသူပြည်သားတို့သည် စောင်းငြင်းတို့ကို တီးမှုတ်ကြ၏။ တအေးအေးဖြင့် သာချင်း၊ ရတု စသော သီချင်းများကို သီဆိုကြ၏။ အဲအန်သီချင်းများကိုလည်း အတိုင်အဖောက်ညီညီ သီဆိုကြပေသည်။ ယခုခေတ်ကဲ့သို့ပင် ကြိုးတန်းလျှောက်သူ၊ ရေခွက်ကို ခြေဖမိုးပေါ်၌တင်၍ ရေမယိုအောင် လှုပ်ရှားပြတတ်သူ၊ ကျွမ်းထိုးတတ်သူတို့လည်း ပေါများလှပေ၏။ လုံရေး၊ ကာရေးကိုလည်း သိုင်းကွက်ကျနင်း၍ပြသူလည်း မရှားပေ။ မီးပန်း မီးကျည်ပွဲတို့လည်း တထိန်ထိန်တောက်ပလှပေ၏။

ထိုမျှပင် ပြည်မြို့ကြီးကား သာယာလှပေ၏။

ဤမျှပင် သာသနာပိုင် ရှင်မဟာရဋ္ဌသာရဆရာတော်ဘုရားသည် သံဝရပျို့တွင် နှစ်သက်စဖွယ် စုံစုံလင်လင် ပြုစုထားခဲ့ပေသည်။

## ပုံနှိပ်ခြင်းအကြောင်း

သံဝရပျို့ကို ၁၉၂၃–ခုနှစ်ကတည်းက မန္တလေး ဟံသာဝတီ ပိဋကတ် စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ပါသည်။ ထိုနောက်လည်း ဟံသာဝတီတိုက်ကပင် အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ပါသည်။ အခြား အခြားသော ပုံနှိပ်တိုက်များကလည်း ရိုက်နှိပ်ခဲ့ကြပါသည်။

၁၉၄၈–ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ဆရာဦးမောင်မောင်ကြီးသည် သံဝရပျို့ကို မူအစောင်စောင်နှင့် ညှိနှိုင်းတိုက်ဆိုင်၍ ပထမဆုံးအကြိမ်တည်းဖြတ်ခဲ့ပါသည်။ ယခုမှု သံဝရပျို့သည် ရှာမရနိုင်အောင် ရှားပါးနေပြီဖြစ်၍ ဟံသာဝတီတိုက်က ပြန်လည်ဖော်ထုတ်ခြင်းဖြစ်ပါသည်။

သံဝရပျို့ကိုပုံနှိပ်ရာတွင် ၁၉၂၃ ခု ဟံသာဝတီမူနှင့် ဦးမောင်မောင်ကြီး တည်းဖြတ်ခဲ့သော မူအပြင် ကင်းဝန်မင်းကြီးပေမူတစ်စောင်နှင့်ပါ တိုက်ဆိုင်တည်းဖြတ် သုတ်သင်ရှင်းလင်းပါသည်။

ယင်းသို့ပုံနှိပ်ရာတွင် ဆရာဦးခင်စိုး [သာသနဓဇသီရိပဝရဓမ္မာ

mgyoe.com

mgyoe.com



စရိယာ] နှင့် ဦးသိန်းဟန် (၁)၊ ဦးတင်နွယ်၊ ဦးဟန်ထွန်း၊ ဦးရွှေဖူး၊ ဦးပု၊ ဦးသိန်းဟန် (၂)၊ ဟံသာဝတီ ပါဠိဆရာများအဖွဲ့က အပြင်အဆင်၊ အထားအသို၊ အစီအစဉ်၊ သေသပ်ကျနှ၊ ပသာဒဖြစ်ဖွယ်၊ လိုလိုမယ်မယ် အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် ကောင်းစွာတည်းဖြတ်ကြပ်မသုတ်သင် စက်တင်ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ရှင်မဟာရဋ္ဌသာရ

# သံဝရပျို့

**နမောတဿ ဘဂဝတော အရဟတော**
**သမ္မာ သမ္ဗုဒ္ဓဿ။**

## ၁။ ပစ္စုပ္ပန်ဝတ္ထု

ဇာနန္တောနော မဟာရာဇာတိ ဣဒံသတ္ထာ ဇေတ ဝနေ
ဝိဟရန္တော ဇေကံ ဩဿဋ္ဌဝိရိယံ ဘိက္ခုံ အာရဗ္ဘ ကထေသိ။

၁။ ဇာတိဉာဏ်ခိုင်၊ တစ်ပင်တိုင်ဖြင့်၊ မယိုင်မညွတ်၊ ခေါင်တ
မွတ်သို့၊ လတ်လတ်ဘုန်းရင့်၊ မတ်မတ်တင့်လျက်၊ သာပွင့်လင်းလင်း၊
ပြိုင်ဆွယ်ကင်းသား၊ လူမင်းစည်းစိမ်၊ ဗိမာန်အိမ်၌၊ ချမ်းငြိမ်စံပယ်၊
တန်ခိုးကြွယ်မှ၊ သုံးဆယ်ပါရမီ၊ ဖြည့်ညီများထွေ၊ သုံးလူ့ဆွေတို့၊
ကုဋေတွက်ကျိန်း၊ တစ်သိန်းစကြဝဠာ၊ အာဏာဖြန့်ချဲ့၊ တုမဲ့ဓမ္မရာဇ်၊
ဖြစ်စိမ့်သောငှာ၊ မဟာသိရီ၊ ဗောဓိပလ္လင်၊ ရွှေနန်းတင်က၊ မြေပြင်
မဆံ့၊ ကောင်ကင်နှံ့မျှ၊ ကြားလွှံ့ ထွန်းပေါ်၊ ကျေးဇူးကျော်သည်၊ တိ
လော်ကနတ်၊ ဆရာထွတ်ကား၊ ကျောင်းမြတ်ဗိမာန်၊ ဇေတဝန်၌၊ လေး
တန်ယာပိုထ်၊ နေသော ကြိုက်ဝယ်၊ စိုက်စိုက် ဘာဝနာ၊ သဒ္ဓါကြိုးပြီး၊
ပျင်းရိတဘန်၊ ရဟန်းမွန်ကို၊ ပြည္သန်ဝတ္ထု၊ အကြောင်းပြု၍၊ ကျွတ်
ဆုခွင့်မြော်၊ ဇာနန္တော်ဟု[၁]၊ ချီပေါ်အစ၊ သံဝရ၏၊ မဆွဖြစ်ဟောင်း၊

---

၁။ ဝေနန္တော်ဟု

mgyoe.com

mgyoe.com

ဟောလတ်ရှောင်းသည်[၁]။ ။ မင်းလောင်း မင်းလျာကျင့်ထုံးတည်း။

၂။ သာဝတ္ထိပြည်၊ ပြောစည်နဂိုရ်၊ ချက်မြှုပ်သိုဍ်[၂]၊ မပြိုမျိုးဆွေ၊ နေထကျင်သည်[၃]၊ လုလင် ပျိုထွား၊ သူကောင်း သာလျှင်[၄]၊ ဘုရားဟောဖော်၊ တရားတော်ကို၊ ကြားသော် လန်းလန်း[၅]၊ ပီတိရွှန်းလျက်[၆]၊ ရဟန်းပြုပြီး၊ ကျမ်းကြီး ကျမ်းငယ်၊ အသွယ်သွယ်ကို၊ လယ်နယ်တီထွင်၊ စာပေသင်မှ၊ ပဥ္စင်းဖြစ်မြောက်[၇]၊ နှစ်တိုင် ဆောက်သို့၊ နှစ်ယောက် ဂုရု၊ နှစ်စုဝတ်ကုံ၊ နှစ်စုံပါတိမုက်၊ မယုတ်အက္ခရာ၊ သဒ္ဒါအနက်၊ နှုတ်ကျက်ရွရွ[၈]၊ တတ်လှပွန်းတီး၊ ရပ်သီး ထောင်တန်၊ မလွန်ရွယ်သစ်၊ အနှစ်ငါးဝါ၊ ပြည့်သောခါဝယ်၊ လျော်စွာ ကမ္မဋ္ဌာန်း၊ သိမ်းမြန်းပိုက်ယူ၊ လူသူမယှဉ်[၉]၊ အာရညကင်၊ ကျင့်စုတင်ဖြင့်[၁၀]၊ ပျော်ချင်ရကား[၁၁]။ နှစ်ပါးဆရာ၊ ဥပဇ္ဈာကို၊ ပန်ထွာခွင့်ရ၊ ကောသလဟု၊ ရဋ္ဌတိုင်းကား၊ နိုင်ငံများတွင်၊ စွန်နားဂါမ၊ ပစ္စန္တသို့၊ မှီထမျက်မှောက်၊ ရောက်တုံလေက၊ စောင့်ထွေမပျက်၊ ငြိမ်သက်ဣရိယာ၊ မြတ်ခြင်းရာဋ္ဌိ၊ ကြည်ညိုသောအား၊ ထိုရွာသားတို့၊ ညှိုးပါးမဲ့အောင်၊ စကြံလျှောင်နှင့် ကျောင်းဆောင်ရိပ်ချမ်း၊ သခ်မ်းလည်း ဆောက်၊ ပုံထောက်လုပ်ကျွေး[၁၂]၊ နှောင့်နှေးမရှိ၊ သတိဉာဏ်ထိန်း၊ ဝါသို့ကိန်းသည်[၁၃]။ ။ ယဉ်မိန်းသူတော် နှလုံးတည်း။

၃။ ဝါဆိုမာသ၊ သုံးလ လုံးလုံး၊ မဆုံးမချင်း၊ စင်းလျှင်းမပြတ်၊

---

၁။ ဟောပေရှောင်းသည်၊
၂။ ချက်မြှုပ်သိုလှောင်၊
၃။ နေထကျင်သား။
၄။ သူကြွယ်သားလျှင်၊
၅။ ကြီးသော်လန်းလန်း။
၆။ ပီတိရွှန်း၍၊
၇။ ပဥ္စင်း(၇) မြောက်၊
၈။ လေ့ကျက်ရွရွ၊
၉။ လူသူမရှည်၊
၁၀။ ကျင့်စုတင်နှင့်၊
၁၁။ ပျော်ရွှင်ရကား၊
၁၂။ ပန်ထောက်လုပ်ကျွေး။
၁၃။ ဝါဆိုကျိန်းသည်၊

mgyoe.com

mgyoe.com

အပတ်တကုတ်၊ အားထုတ်ပြင်းလှ၊ ဥဿာဟဖြင့်၊ စပ်ထည်ညီညွတ်၊ ရွှေပြားခတ်သို့၊ ကမ္မဋ္ဌာန၊ လေ့ထပြန်ခေါက်[၁]၊ တအောက်မေ့မေ့၊ ညဥ့်နေ့ကြိုးစား၊ စေ့ဆော်ငြားလည်း၊ တိမ်ကြား မိုးလယ်၊ လျှပ်နွယ် တစ်ပြက်၊ ပြိုးတစ်ပြွက်မျှ[၂]၊ ဈာန်မဂ်ရမည်၊ ရိပ်ခြည်မထင်၊ ခဲငြိုငြင် သော်၊ သခင်ဘုရား၊ ပိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်၊ ကြက်ဥသံချောင်၊ ကျန်သောယောင်သို့၊ လူ့ဘောင်တဇာစ်[၃]၊ ဤအဖြစ်ဝယ်၊ မြေးရစ် ရမွက်၊ ဘဝစက်မှ၊ မထွက်လှည့်ကျင်၊ ကျိုးမမြင်သည်၊ ငါလျှင်ပဒ၊ ပရမဟု၊ လက်ချကိုယ်ကို၊ ပြစ်တင်ဆိုမှ၊ မှီခိုတောမှာ၊ ဘယ်နေရှာအံ့၊ အနာ ထပိဏ်၊ ကျော်ရှိန်လှိုင်ပေါက်၊ သူဌေးဆောက်သား၊ လျှံတောက် ဝင်းဝါ၊ ရွှေကျောင်းသာသို့၊ မြင့်ကြာမနား၊ ယခုသွား၍၊ သုံးပါးလူ့ရှာ၊ မြတ်ဆရာ၏၊ မဟာပုရိသ၊ လက္ခဏာအပုံ၊ လှမျိုးစုံသား၊ ကြေးမုံနှိုင်း လျော်၊ မျက်နှာတော်ကို၊ ကြည့်မျှော်ရိပ်မြုံ[၄]၊ ရှုတုံမရဲ၊ ပုလဲတမူး၊ အထူးဆည်းကပ်[၅]၊ တင့်အပ်မင်္ဂလာ၊ တရားနာ၍[၆]၊ ကျွတ်ခါရည်ငံ့၊ လွှန်စေအံ့ဟု၊ စိတ်ပျံ့ခတ်ပြင်း၊ ကြံလတ်လျှင်းသည်။ ။ ဝမ်းတွင်း မရှင်မပြုံးတည်း။

၄။ တကာအများ၊ မိဘလားသို့၊ လေးပါးပစ္စည်း၊ ပည်းမျှပျော် လည်း၊ မပျော်လှည့်လေ၊ ထိုရပ်မြေမှ၊ လျှော့ဖြေလုံ့လ၊ ကွခဲ့ထွက် သွား၊ အစဉ်အားဖြင့်၊ ဘုရားနေမှတ်၊ ကျောင်းတော်မြတ်သို့၊ ရောက် လတ်သရော်၊ ဖူးမျှော်မျက်နှာ၊ ဆရာဥပဇ္ဈာယ်၊ အနွယ်တသင်း၊ သိ မြင်ခြင်းနှင့်၊ ဆွေရင်းမိတ်တူ၊ ကျွမ်းသသူတို့၊ မေးမြူသောခါ၊ လာ သားအထွေ၊ ကြားတုံပေကာ၊ ရေမငုပ်စောက်၊ ထုတ်ချောက်ပေါ်လွယ်၊

---

၁။ လေ့လာပြန်ခေါက်၊
၂။ ပြိုးတစ်ပြွက်လျှင်၊
၃။ လူ့ဘောင်တစ်စ်၊
၄။ မွေ့လျော်ရိပ်မြုံ၊
၅။ တလဲလဲလျှင်အမြဲဆည်းကပ်
၆။ တရားနာလျက်၊

mgyoe.com

mgyoe.com

ဆိုသောနှယ်လျှင်[၁]၊ ရှစ်သွယ်မဂ်ဖိုလ်၊ ရလိုရငြား၊ ရှည်လျားမအောင့်၊ ဘယ့်ကြောင့်လျော့လည်း၊ ပြုသနည်းဟု၊ နှိပ်လှည်းရှုတ်ချ၊ ကဲ့ရဲ့ကြ၍၊ သကျမုနိ၊ တရိဘဝ၊ လောကမှန်ကင်း၊ ထံတော်ရင်းသို့၊ အပြင်းပါအောင်၊ ဆောင်လေပြီးဝယ်[၂]၊ မိမိအကြိုက်၊ နှလုံးပိုက်ဖြင့် မလိုက်ချင်ဘဲ၊ နွဲ့လျက်ပင်ကို၊ (*) ရှင်တို့အပေါင်း၊ ကြဉ်းခဲ့ရှောင်း၏[၃]။ အကြောင်းတစိ၊ ဘယ်သို့ရှိဟု၊ မသိလင့်ယောင်၊ ဘုန်းခေါင်မိန့်တော်[၄]၊ မူလတ်သော်တည့်၊ သွေချော်နောက်နစ်၊ လူဖြစ်ဘနန်း၊ ဤရဟန်းလျှင်၊ ဟုပ်တွန်းလေခတ်[၅]၊ ဘောင်ကြိုးပြတ်သို့၊ စွန့်လွှတ်ဝီရိယ၊ တောဝပစ်ချွာ[၆]၊ ရွာမှိုလာ၏၊ မကြာမတင်၊ (+) သခင် ဆုံးမ၊ ပေးအပ်စွဟု၊ လျှောက်ထခြင်းရာ၊ ရှိညွှတ်စွာသည်။ ။ **သံဃာတစု တရုံးတည်း။**

၅။ ဓညပုည၊ စုံလှကျက်သရေ၊ သုံးလူ့ဆွေလည်း[၇]၊ ဟုတ်ပေသလော၊ မေးဆေးကြော၍၊ သဘောအလျောက်၊ နားတော်လျှောက်က၊ လှူပ်ချောက်စိတ်နှောင့်၊ အဘယ်ကြောင့်လျှင်၊ ပေါ်ခေါင့်ပေါ်ခဲ၊ သံသာဝဲတွင်၊ ဆင်းရဲအယဉ်၊ ဖဲကြဉ်စေတတ်၊ လုံ့လဝတ်ကို၊ လွှတ်ဘိသနည်း၊ အချည်းသက်သက်၊ (++) နေ့ရက်လွန်ကာ၊ သာသနာတွင်၊ ပျင်းစွာသသူ၊ မဂ်ဖိုလ်ချူလည်း၊ ပူပူပင်ပင်၊ လိုအင်မပြည့်၊ နှလုံးချည့်လိမ့်၊ မလှည့်မပျက်၊ မဝှက်မထား၊ ငါ့တရားကို၊ ကြိုးစားဘာဝနာ၊ ဖြည့်သော်သာတည့်၊ အာရာမနေ၊ ချီးမွမ်းရအံ့၊ အဘရှင်မွန်၊

၁။ ဆိုသောနှယ်သို့၊
၂။ ဆောင်လေပြီးမှ
(*) (လူတွင် လူထွတ်သုံးလူနတ်တို့)
၃။ ကြဉ်းခဲ့ရှောင်းသော်၊
၄။ ဘုန်းခေါင်မေးတော်၊
၅။ ဟန်ထွန်းလေခတ်၊
၆။ တောမှပြစ်ချွာ၊
(+) (ဤသည်ရှင်ကို၊)
၇။ သုံးလူ့ဆွေကား။
(++) (ကိုယ်ကိုဖျက်၍။)

mgyoe.com

ရှေးလွန်လူဇာတ်၊ ဖြစ်သရောခါ၊ ဆရာမြောက်လှ၊ ပဏ္ဍိတ၏၊ ဆုံးမခံသီး၊ လုပ်ကြီးကြံမ၊ ဝီရိယကြောင့်၊ မြို့ရတနာ၊ ဗာရာဏသီ၊ မဟီပတိ၊ လောကိထွတ်ဖျား၊ မင်းတရား၏၊ သားများယောင်ယောင်၊ တစ်ရာဘောင်တွင်၊ ကုန်အောင်အထွေး၊ နှောင်းဆုံးမွေးလျက်၊ ဖွေးဖွေးကြယ်ရံ၊ မိုးလစံသို့၊ ရောင်လျှံထွန်းပ၊ ထီးဖြူလွှနှင့်၊ မင်းများအမှူး၊ ပိုင်နိုင်ဖူးဟု၊ ကျေးဇူးစကား၊ မြွက်ကာကြားသည်။ ။ ဘုရား ဟောရိုး လက်သုံးတည်း။

၆။ ဟောရိုးလက်သုံး၊ ဘုရားထုံးဖြင့်၊ ခန့်ချူးအနက်၊ ဤသို့မြွက်မှ၊ လိုက်ဖက်သင့်စွာ၊ ရုံသံဃာတို့၊ တောင်းပန်သောအား၊ သုံးလူ့ဖျားက၊ မင်းသားသံဝရ၊ ရှေးဘဝကို၊ တစ်စမကြွင်း၊ ဆယ်၍ကျင်းသို့။ ။ လင်းလင်းဖော်ပြ ဟောပေထတည်း။

× × ×

## ၂။ အတိတ်ဝတ္ထု

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံကာရေန္တေ သံဝရ ကုမာရောနာမ ပုတ္တာသတဿ သဗ္ဗကနိဋ္ဌော အဟောသိ။

၇။ ကာလသုံးစဉ်၊ ဝဲယဉ်သုံးထပ်၊ အစပ်သုံးခု၊ စတုသခေ်၊ တွက်ရေဝီသ၊ အာကာရဖြင့်၊ ပိဋ္ဋစ္စသမုပ္ပါဒ်၊ ဟောမှတ်လေးတွဲ့၊ ဟိတ်ဖိုလ်ချဲ့၍၊ တစ်ဆယ့်နှစ်အင်၊ ဒွါဒသင်နှင့်၊ ညွှန့်ရှင်ကျိုးစက်၊ အဆက်ဆက်ကို၊ လွန်ထွက်နိုင်ကြောင်း၊ ကောင်းသားလုံ့လ၊ အားထုတ်ကြလျက်၊ အဝိဇ္ဇာ၊ တဏှာ၊ နုတ်ပစ်ခွာ၍[၁]၊ အညာနိဗ္ဗာန်၊ ရွှေပြည်မွန်သို့၊ ဆန်အံ့ရင်းတည်[၂]၊ စူးစူးရည်သည်၊ မလည်မသုန်၊

---

၁။ နုတ်ဖြတ်ခွာ၍

၂။ ဆန်အံ့ရှေးတည်

mgyoe.com

mgyoe.com

မဟာဂုဏ်တို့။ ။ သုရုန္ဒနှ၊ စသည်ငါးပါး၊ မည်ပြားရေးခါ၊ ထင်ရှားစွာသား၊ ဗာရာဏသီ၊ ပူရိဝရ၊ ရွှေပြည်မဋ္ဌ၊ ရှေးကဗြဟ္မဒတ်၊ မင်းမူလတ်သော်၊ မင်းမြတ်မင်းဖျား၊ မင်းဘုန်းအားဖြင့်၊ သားများသွန်းသွန်း၊ တစ်ရာထွန်း၏၊ သန်ကျန်းမှုထမ်း၊ ဓားကောင်းလျှမ်းသို့၊ ရဲစွမ်းကစ[၁]၊ ထက်မြက်လှသား၊ သံဝရမည်ပင်၊ သားလုလင်ကား။ ။ သားတွင် သားထွေး သားနှောင်းတည်း။

၈။ ခမည်းတော်ရင်း၊ ပြည့်ရှင်မင်းလည်း၊ ဆင်မြင်းစီးနှင်၊ ပစ်ငင်လေးမြား၊ လှံဓားကာက၊ လွှားရေးစသည်၊ သင်ကြကုန်လေ၊ တတ်လျှင်းစေဟု၊ အုပ်တွေများစွာ၊ သားတစ်ရာကို၊ နောင်လာနာဂတ်၊ မျှော်တင်းလတ်၍၊ အမတ်တို့အား၊ အခြားခြားလျှင်၊ စီးပွားဖြစ်လောက်၊ တစ်ယောက်စီချည်း၊ လက်တည်းထက်ကြပ်[၂]၊ နှံထားအပ်၏။ ချဉ်းကပ်နတ်လူ၊ ကျွတ်မည့်သူနှင့်၊ တူရူတိုက်ရိုက်၊ ရှင်တော်ကြိုက်သို့၊ ကောင်းထိုက်ကြမှာ၊ မင်းလျာပီလှ၊ သံဝရကို၊ ထိန်းယလတ်မည်၊ ဘ–ရာတည်၍၊ ကျောက်ရည်တိုးအောင်၊ သွေးသောယောင်သို့၊ စောင်စောင်မမ၊ ခါနိစ္စလျှင်[၃]၊ ဆုံးမတတ်စွာ၊ မတ်ဆရာကား၊ လိမ္မာစေ့စုံ[၄]၊ ပညာပုံသည်။ ။ ရင့်ငုံဘုရားအလောင်းတည်း။

၉။ အသီးအသီး၊ မှူးမတ်ကြီးတို့၊ သမီးရတနာ၊ လှမြတ်စွာကို၊ ကွယ်ရာပြုပြင်၊ တန်ဆာဆင်မှ၊ သဘင်ပွဲလယ်၊ ကျင်းသောနှယ်သို့၊ တတ်ဖွယ်ကိစ္စ[၅]၊ မကျန်ရအောင်၊ သင်ပြီးနောင်မှ၊ တတ်ခေါင်တတ်ဖျား၊ သားတော်များကို၊ မင်းအားတည်ပ၊ ဖော်ထုတ်ပြ၏။ မြင်ကာရှင်

---

၁။ ရဲစွမ်းတုံလျက်

၂။ လက်တည်းကြစ်ကြစ်

၃။ ခါနိစ္စဖြင့်၊

၄။ လိမ္မာပြည့်စုံ

၅။ မှတ်ဖွယ်ကိစ္စ

mgyoe.com

mgyoe.com

လန်း၊ ဘ–ကြငှန်းလျှင်[၁]၊ ရွှန်းရွှန်းနှစ်သက်၊ ချစ်အင်တက်၍၊ ပင်ထွက်ညွှန့်သန်၊ ငါ့သားမွန်တို့၊ ငါ့ဟန်လည်းကောင်း၊ ထီးဖြူဆောင်းမည်၊ အရည်ပေချည်း၊ ငါလည်းသိစွ၊ ယခုကမူ၊ ဤမျှဖြည့်တင်း၊ ယူလင့်မင်းဟု၊ ဆောက်နှင်းမြို့ကျေး၊ ခရိုင်ပေးသည်။ ။ ကံကျွေးလောက်ငံ့ စေကြောင်းတည်း။

၁၀။ တစ်ယောက်တစ်သီး၊ အဖြီးဖြီးလျှင်၊ သားကြီးများဖို့၊ ခရိုင် မြို့ကို၊ ဤသို့မင်းကြီး၊ ပေးပြီးနောင်သော်၊ မောင်တို့ကျေးမက်၊ တက် ၍သိမ်းလေ၊ တွင်မနေနှင့်၊ တိုင်းခြေစည်ပင်၊ ပြုစေချင်ဟု။ ။ သင်ပြင်မစလွှတ်လိုက်သတည်း။

× × ×

၃။ သံဝရမင်းသား ဆရာနှင့်တိုင်ပင်ခန်း

သံဝရကုမာရော သဗ္ဗသိပ္ပါနိနိပ္ဖတ္တေတွာဗောဓိသတ္တံ ပုစ္ဆိ
"တာတ သစေမံပိတာ ဇနပဒံပေသေကိ၊ ကိံကရော မိ" တိ။

၁၁။ သံဝရကုမာ၊ စောမင်းလျာကား[၂]၊ နာနာသိပ္ပ၊ တတ်ကုံလှ၍၊ လမ်းမဖိုင်ဖိုင်၊ အပြီးတိုင်မှ၊ မြင်နိုင်ရေးရာ၊ နက်နဲစွာသည်၊ ဆရာသူမြတ်၊ ဗောဓိသတ်ကို၊ မေးလတ်တုံခြင်း၊ စုပုံနှင်းသည်၊ ဉာဏ်ဝင်းရောင်ပ၊ အိုအဘ . . .၊ ငါမှတစ်ပါး၊ သားချင်းများကို၊ ဘဘွားနတ်ရှင်၊ ဖန်စီရင်၍၊ တိုင်းခွင်တစ်ပါး၊ မြင်းမိုရ်ခြားသို့[၃]၊ ထိပါးရန်တောက်၊ ဖျောက်စိမ့်သောငှာ၊ အရာရာဖြင့်၊ ရံကာသင်းပင်း၊ မိုတင်းလောက်အောင်၊ သောင်းထောင်လယ်နက်၊ အခွန်ထွက်နှင့်၊ ရွာလက်စွန်နား၊ သူကောင်းစားလည်း၊ တအားတအန်၊ အလွန်ဖြင်ညီး၊ အသီးသီးလျှင်။ ။ ကျေးကြီးကိုယ်စီပေးလေပြီ။

---

၁။ ဘ–ကြငှန်းကား။ ၃။ မြင်းမိုရ်တားသို့။
၂။ စောမင်းလျာလည်း။

mgyoe.com

mgyoe.com


၁၂။ တခြားတခြား၊ စားသည်ကျေးမက်၊ တက်စိမ်သောငှာ၊ ဘ–မြတ်စွာလျှင်၊ မိန့်မှာစကား၊ လွှတ်သောအားဖြင့်၊ လေးပါးမျိုးပုံ၊ လက်အုပ်ခြံသည်[၁]၊ အစုံနှစ်ဖက်၊ ခြေတော်စက်ကို၊ ထိပ်ထက်လက်တင်၊ သွားမည်ရင်၏၊ သည်တွင်မနေ၊ ပြောင်းရချေမူ[၂]၊ ရပ်မြေဖောက်လွဲ[၃]၊ ဝမ်းပန်းကွဲပိမ့်၊ မင်းပွဲနန်းပြင်[၄]၊ ထွက်ဝင်မမြော်၊ ယခုသော်ကား၊ နောင်တော်အများ[၅]၊ ပင်လယ်ခြားသို့၊ အလားအလာ၊ ရောက်ခဲစွာ၍။ ။ ဗာရာဏသီဝေးလေပြီ။

၁၃။ သားကြီးသားလတ်၊ သားထွေးဝတ်၌၊ ယုတ်မြတ်မရှိ၊ မေတ္တာညှိ၍၊ တိတိဝန်းရှည့်၊ ပန်းလည်လှည့်သို့၊ တည့်တည့်သဘော၊ ဘ– မင်းစောလျှင်၊ မကောမဝှမ်း၊ ချစ်မြဲတမ်းဖြင့်၊ မှုထမ်းယုံကြဲ၊ ငါ့ကို တုံလည်း၊ ဗိုလ်ပုံစားသောက်၊ မှီတင်းလောက်အောင်၊ သိမ်းမြန်းဆောင်လျက်[၆]၊ မြားမြောင်တုတ်ခွန်၊ ရွာလက်စွန်နှင့်။ ။ ကျေးသန်ဖွံ့ဖွံ့ ပေးလတ္တံ့။

၁၄။ နောင်တော်တို့အား၊ ဆိုသောလားသို့၊ စားသည့်ကျေးမှာ[၇]၊ နေစိမ့်ငှာဖြင့်[၈]၊ အာဏာစက်လွှတ်၊ စေဘိလတ်မူ၊ မတတ်စသာ၊ ငါလည်းပြောင်းရ၊ အရာကျချိမ့်၊ မွေးဘထွေသံ၊ ဦးဖြင့်ခံလျက်၊ နိုင်ငံသမိုက်၊ ဇနပိုဒ်တွင်၊ စလိုက်စသက်၊ လေ့ကျက်ကျက်လျင်၊ မြင့်ကြာတင်မူ[၉]၊ ပျံ့ရွှင်ကြိုင်သင်း၊ တောင်မင်းမြတ်စွာ၊ ဂန္ဓမာနှင့်၊ ကွေကွာသောဟန်၊ အလွမ်းသန်လျက်[၁၀]၊ လေသွန်ညင်းသာ၊ ဖြည်းဖြည်းလာ

၁။ လက်အုပ်ဆုံလျက်၊
၂။ ပြောင်းရလေမူ၊
၃။ ရပ်နေဖောက်လုံး၊
၄။ နန်းပွဲနန်းပြင်၊
၅။ နောင်တော်မင်းများ
၆။ သိမ်းမြန်းထောင်၊
၇။ စားသားကျေးမှာ၊
၈။ နေစိမ့်တှာလျှင်၊
၉။ မြင့်ကြာတင်သော၊
၁၀။ အလွန်သန်လျက်၊

mgyoe.com

က၊ မချာရှက်စပ်[၁]၊ ထုံသင်းကပ်သို့၊ ရှစ်ရပ်ဝန်းလည်၊ ပန်းမျိုးစည်သည်။ ။ ရွှေပြည်ကြိုင်နံ့ဝေးလတ္တံ့[၂]။

၁၅။ ထိုကြောင့်ငါ့အား၊ ကျေးပေးပြောသော်၊ မစားလေကောင်း၊ စားလေကောင်းကို၊ ကျိုးကြောင်းသိမှု၊ မြော်တင်းရှု၍။ ။ ယခုဖခင်ဆိုစေချင်၏။

× × ×

## ၄။ သံဝရမင်းသားအား ဆရာအကြံပေးခန်း

တာတတွံဇနပဒေ ဒီယျမာနေ တံ အဂ္ဂဟေတွာ
"ဒေဝအဟာဠိ သဗ္ဗကနိဋ္ဌော၊ မယိပိ ဂတေတုမှာကံပါဒ
မူလံ တုဋ္ဌ ဘဝိဿတိ၊ အဟံ တုမှာကံ ပါဒမူလေယေဝ
ဝသိဿာမိ" တိ ဝဒေယျာသိတိ။

၁၆။ ဤသို့မင်းသား၊ မေးသည်ကြားသော်၊ တရားပွင့်လျာ၊ မတ်ကြီးစွာကား၊ ဘ–ရာစိုးမည်၊ ကျေးဇူးရည်ကို၊ အရှည်မြင်ထွေ၊ ဆိုတုံပေ၏၊ မျိုးဆွေတွင်ခေါ်၊ အမည်တော်နှင့် လိုက်လျော်သင့်အောင်[၃]၊ လုံ့လဆောင်လျက်၊ မာန်စောင်ချရှုတ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်စည်းသုံး၍၊ ကောင်းထုံးကျင့်နည်း[၄]၊ ရှာဖွေဆည်းသည်၊ သိပ်သည်းငြိမ့်လေး[၅]၊ ခမည်းထွေး . . . ရှေးသရောခါ၊ အသုရာတို့[၆]၊ နတ်ရွာ မြင့်ဖြူး၊ မြင်းမိုရ်ဦးဝယ်၊ နတ်မှူးနတ်စစ်၊ နတ်ကြီးဖြစ်လျက်၊ မချစ်သိကြား၊ ချသောအားဖြင့်၊ စဉ်ပါးမြေမှာ၊ ကျတုံလှာသော်၊ တစ်ခါစိုးပိုင်၊ မကြံနိုင်ဘဲ၊ သင်းသီးကွဲမှ၊ တဝဲရစ်ရစ်၊ ဖြစ်စနိုးနိုး၊ စစ်မက် ထိုးလည်း၊ အကျိုးမန်[၇]၊ ပဲ့နွယ်ယွံ့သည်။ ။ ဝေးလံယခုထက်တိုက်တည်း။

---

၁။ မကြာရက်စပ်၊ ၄။ ကောင်းထုံးကောင်းနည်း၊ ၇။ အကျိုးမန္တ၊
၂။ ရွှေပြည်ကြိုင်နံ့မွှေးလတ္တံ့ ၅။ သိပ်သည်းဆေးလေး၊
၃။ လိုက်လျော်လျှင်းအောင်၊ ၆။ အသူရာကို၊

mgyoe.com

mgyoe.com


၁၇။ ပတိရူပ၊ ဒေသအင်ချို့၊ မင်းသားတို့လည်း[၁]၊ ထိုသို့လည်းကောင်း၊ ဝေးရပ်ပြောင်းမူ၊ နောက်နှောင်းရေးရာ၊ ထွက်သောခါဝယ်၊ လျင်စွာတောက်ပတ်၊ မရောက်တတ်၍[၂]၊ တောင်ထွတ်ဖျားထက်၊ အေးချိုမြက်သား၊ သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေတာ၊ ယူဇနာက၊ လှမ်းကာမိနိုး၊ ဆွတ်မည်ကြိုးသို့၊ စစ်ထိုးမအောင်[၃]၊ တခေါင်ခေါင်လျှင်၊ တထောင်ထားထား[၄]၊ မွေချောက်ချားသည်။ ။ **လူများ မယဉ်မပိုက်တည်း။**

၁၈။ တစ်ယောက်ချမ်းသာ၊ ကိုယ်ဖို့ရှာ၍၊ သတ္တဝါပေါင်း၊ ဆင်းရဲကြောင်းဖြင့်၊ မကောင်းမှုချည်း၊ အပည်းပည်းတိ၊ တောင်နှယ်ဘိသော်၊ မိမိကြမ္မာ၊ မင်းဖြစ်စာလျှင်၊ ရှိပါလှည့်ငြား[၅]၊ ထိုသူ့အားကို၊ တိုင်းသားပြည်သူ၊ လူလည်းမညွတ်၊ နတ်လည်းမလို၊ နှင်လွှင့်ဖြို၍၊ ကစိုကရှား၊ ပြေးဝပ်လျားသည်။ ။ **စီးပွားကြန့်တီးကြန့်တိုက်တည်း။**

၁၉။ ထို့ကြောင့်ရကား၊ ရှင်မင်းသားကို၊ သီးခြားခရိုင်၊ သင်းခိုင်စားကျေး[၆]၊ ပေးလတ်မူကား၊ မယူလင့်မင်း၊ ဖော်သားချင်းတွင်၊ နှောင်းကြွင်းဆုံးစွန်၊ ကျွန်ုပ်ကျွန်လည်း၊ မကျန်ပါငြား၊ ယခုသွားမူ၊ ဘုရားနက်စံ၊ ဖခင့်ထံဝယ်၊ ဆိတ်ညံဘိနိုး၊ ကျွန်ုပ်စိုးရှင့်၊ တန်ခိုးတော်ငွေ့[၇](*) ရှင်ပျော်မွေ့လျက်၊ တစ်နေ့မကင်း၊ ခြေတော်ရင်း၌၊ စင်းလျင်း ရှိသေ၊ မြဲမည့်ထွေကို။ ။ **လျှောက်ပေနားတော်တိုက်ရိုက်တည်း။**

---

၁။ မင်းသားတို့ကား။
၂။ မရောက်တတ်ခဲ့၊
၃။ စစ်ထိုးမိအောင်၊
၄။ ထောင်ထောင်ထားထား။
၅။ ရှိပါလင့်ညား။
၆။ သင်းခိုင်မြို့ကျေး။
၇။ တန်ခိုးတော်အား။
(*) (စားရယရှေ့)

mgyoe.com

mgyoe.com



၂၀။ မတ်ကြီးသူတော်၊ ဆရာကျော်လျှင်[၁]၊ ရှုမျှော်နှောင်ဖို့၊ စီးပွားမြို့ဖြင့်၊ ဤသို့ပထမ[၂]။ ။ အစကောင်းတော[၃] ဆုံးမပေ၏[၄]။

× × ×

## ၅။ သံ၀ရမင်းသားအား ခမည်းတော်မေးခန်း

အထေကဒိဝသံ သံ၀ရကုမာရံ ဝန္ဒိတွာ ဧကမန္တံ နိသိန္နံ
ရာဇာ ပုစ္ဆိ "ကိံ တာတ သိပ္ပံ တေ နိဋ္ဌိတ" န္တိ။

၂၁။ တစ်ရက်မချာ၊ ထိုခါအကြိုက်၊ တစ်နေ့ဦ၀ယ်၊ အလိုက်သင့်စွာ၊ တင့်အပ်ရာတွင်၊ ရွှေကြာလက်စုံ၊ ဆယ်ချောင်းရုံ၍၊ ပွဲပုံရင်ပြင်၊ နေလှာကျင်သည်[၅]၊ လုလင်စံပ၊ သံ၀ရကို၊ မွေးဖမင်းမြတ်၊ မေးတုံလတ်၏၊ ထွားမွတ်ရောင်ဝင်း[၆]၊ လှသောဆင်းနှင့်[၇]၊ အချင်းတညီ၊ ပုလဲသီသို့၊ ရှုအီဖွယ်ချည်း၊ ကျေးဇူးပည်းသည်၊ ခမည်းကြင်နှစ်[၈]၊ သားထွေးချစ် . . .၊ အဖြစ်တော်ငြား၊ မောင့်နှောင်ဖွားတို့၊ ငါ့သားပီပီ၊ ငါ့နှင့်ညီ၍၊ ယှဉ်မှီကောင်းစံ၊ မတ်များထံ၀ယ်၊ အပ်နှံခေါက်ရက်၊ သူတတ်ခက်သား၊ လျှို့ဝှက်သိပ္ပံ၊ ကိလိဋ္ဌကို၊ အစတလျဉ်၊ မြားပိုင်ရဉ်သို့[၉]၊ အစဉ်မချန်၊ အဖန်ဖန်လျှင်။ ။ အားသွန်သင်ကြလေကုန်ပြီ။

၂၂။ သင်တိုင်းသင်တိုင်း၊ မထိုင်းပြီးစီး၊ မောင့်နှောင်ကြီးတို့၊ လှည်းဘီးပုံတောင်း၊ နှစ်ကောင်းလျှင်းအောင်၊ အန်ထောင်မပြင်း၊ ငင်ထွေညင်းလျက်[၁၀]၊ အချင့်ရိုက်ကြူး[၁၁]၊ မိုးဦးကြိုးထစ်၊ ပစ်ဘိသောနည်း၊ သံရှိန်သည်းလျက်၊ ပေါင်းစည်းငါးရာ၊ ရထားလာလည်း[၁၂]၊ စပ်ကာရှေး

---

၁။ ဆရာကျော်လည်း။
၂။ ဤသို့မစ၊
၃။ သင်တကောင်းတော၊
၄။ ဆိုတုံပေ၏၊
၅။ နေလှာချင်သည်၊
၆။ ထွားမွတ်ရောင်ဆင်း။
၇။ လှသောခြင်းနှင့်
၈။ ခမည်းရင်နှစ်၊
၉။ ဖျားပိုက်ယဉ်သို့
၁၀။ ငင်ထွေညင်းသား။
၁၁။ ခြင်းခြင်းရိုက်ကြူး။
၁၂။ ရထားလာသော်

mgyoe.com

mgyoe.com


လွန်၊ တစ်ချက်မှန်က၊ တံချွန်ဦးစိ[၁]၊ ငါးကိုသီသို့၊ အညီထွင်းဖောက်၊ မြားဆိပ်တောက်ဖြင့်၊ တစ်ယောက်မကြွင်း၊ ဒသစေလျှင်းသည်[၂]၊ နှိမ်နင်းရန်ခွာ၊ လေးအရာနှင့်၊ အဿာရောဟ၊ မြင်းရေးစသား၊ ရေးကကျမ်းဂန်၊ ကြားဖူးဟန်သို့။ ။ တတ်ပွန်စင်ကြ လေကုန်ပြီ[၃]။

၂၃။ ယောကျ်ားတကာ၊ တတ်စရာဌ်၊ လိမ္မာမပွန်၊ အရွယ်လွန်မူ၊ ရွှေဟန်ဆင်းရောင်၊ ဟသ်ၤာဘောင်တွင်၊ အတောင်ဖြူကာ၊ ဗျိုင်းပမာသို့၊ ပညာရှိလယ်၊ မတင့်တယ်ခဲ့၊ အငယ်တည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်ဟု၊ လူ့ပြည်ပုံထား၊ ရှေးစကားကို၊ နားပါးဝင်မူ၊ အမှိပြုလျက်၊ ဓနုသိပ္ပ၊ စသည်ထိုထို၊ ကော်နှယ်ကျိုး၍၊ အစ်ကိုများဟန်၊ သားထွေးမွန်လည်း။ ။ အားသွန်သင်ပါတုံ၏လော။

၂၄။ အစ၊ အလယ်၊ အဆုံးဝယ်ဌ်၊ မလွယ်အရေး၊ ပေးသည့်ဥပဒေ[၄]၊ အထွေထွေကို၊ သင်ဖြေရှင်းရှင်း၊ ယုံမှားကင်း၍၊ ထုတ်ချင်းယဉ်ကြား၊ လွန်းလျင်သွားသို့၊ ဝိုးဝါးမရှိ၊ မငြိမရှောက်၊ တစ်ယောက်မလွန်၊ ဘတမ်းခွန်ဟု၊ ကျော်ဝှန်လူဗိုလ်၊ အံ့ချီးဆိုသည်[၅]၊ အစ်ကိုများနည်း၊ သားခမည်းလည်း၊ ကမ္ပည်းတင်လောက်၊ ပြီးစီးရောက်၍[၆]၊ ခိုင်းထောက်ထွက်ပြူ၊ မည်သူမတန်[၇]၊ လေ့ကျက်ဟန်ဖြင့်။ ။ တတ်ပွန်စင်ပါတုံ၏လော။

၂၅။ ဤသို့လျှင်တည့်၊ သိချင်မေးမြူ[၈]၊ စမ်းတော်မူသော်၊ ရှေးရှုညွှတ်ခ၊ သံဝရကား၊ သဗ္ဗသိပ္ပမ်း၊ နိဋ္ဌိတမ်းဟု၊ တတ်စွမ်းဝန့်၊ ခံလ

---

၁။ တသွန်ဦးစိ
၂။ သေကုန် လျှင်းသား
၃။ တက်ပွန်သင်ကြလေကုန်ပြီ။
၄။ မေးသားဥပဒေ
၅။ အံ့ချီးဆိုလျက်
၆။ ပြီးစီးမြောက်၍
၇။ ဘယ်သူမတန်
၈။ ဘခင်မေးမြူ

mgyoe.com

mgyoe.com


တုံခြင်း[၁]၊ ခပ်သိမ်းမင်း၏၊ ဦးကင်းထိပ်ဖွေ၊ အမြုတေသို့၊ သပြေကျွန်းခွင်၊ သိဒ္ဓိတင်သည်၊ ဖခင်ရင်းစစ်[၂]၊ တို့ရှင်ချစ် . . .၊ အနှစ်ပြည့်မာ၊ ဆက်စဉ်လာကို၊ သိသာလှစွ၊ ကျွန်ုပ်ပြပိမ့်၊ တွေးဆ ဉာဏ်တော်၊ စုံစမ်းမြော်လော့၊ ဥပေါ်ဆဒ္ဒန်၊ ဖြူမျိုးမှန်လျက်၊ ဖောက်ပြန် ဆင်မည်း၊ ဖြစ်သတည်းဟု၊ ထုံးနည်းစကား၊ မကြားဖူးရာ၊ ထို့ပမာသို့၊ ဇနာဓိပ၊ ဗလငါးထွေ၊ တခဲတွေဖြင့်[၃]၊ ရေမြေစိုးထိုက်၊ နွယ်ရိုးလိုက်လျက်[၄]၊ မမိုက်လှည့်ထွန်၊ ကျွန်ုပ် ကျွန်လည်း။ ။ အားသွန်သင်ပါ ပြီးသတည်း။

၂၆။ အဘကောင်းသား၊ ယောကျ်ားမပီ၊ မထိမ့်လျှင်း၊ စပါးဖျင်းသို့၊ အရင်းမမာ[၅]၊ အကာဖောင်းဖောင်း၊ ဗူးတောင်းအတူ၊ ပေါ့သသူလည်း[၆]၊ လူ့ဒြဗ်မရှား၊ ထိုအလားနှင့်၊ မပြားမှတ်တော်၊ ရှိငြားသော်ကား၊ ရွှေလှော်မင်းစံ၊ အသွေးခံသို့၊ နက်တံလေးလျင်၊ စမ်းစေချင်၏၊ တို့ရှင်ရင်နှစ်၊ ဖြစ်လတ်သရွေ့၊ ကောင်းကျင့်လေ့ဖြင့်၊ ကောင်းစေ့အလျောက်၊ ကောင်းပင်ပေါက်သို့၊ မဖောက်မပြန်၊ ကောင်းရိုးမှန်လျက်၊ သွေလှန်တီမှာ၊ ချွတ်ယွင်းရှာအံ့[၇]၊ ဆရာသင်တိုင်း၊ အလှိုင်းလှိုင်းကို၊ ထုံးပိုင်းမကျန်[၈]၊ ကျွန်ုပ်ကျွန်လည်း။ ။ တတ်ပွန်စင်ပါပြီးသတည်း[၉]။

၂၇။ ဇမ္ဗူဒီပါ၊ ကျွန်းမျက်နှာထက်၊ တစ်ရာထီးဖြူ၊ ဆောင်းဖက်မူသား၊ ရန်သူခပင်း၊ အမင်းမင်းကို၊ စီးချင်းမလောက်၊ တစ်ယောက်တစ်ပြည်၊ ယူကြမည်ဟု၊ ကိုယ်ရည်ယုံလှ၊ သံပ ကြုံးဝါး၊ သားချင်း

---

၁။ ခံပေလတ်ခြင်း။
၂။ သခင်ရင်စစ်၊
၃။ တခဲးတွေသား။
၄။ နွယ်ရိုးလိုက်ဖြင့်၊
၅။ အရင်းမပါ၊
၆။ ပေါ့သည်သူလည်း။
၇။ ယွင်းတို့ရာအံ့၊
၈။ ထုံးပိုင်းမချန်၊
၉။ တတ်ပွန်သင်ပါပြီး။

mgyoe.com

mgyoe.com

များတွင်၊ တစ်ပါးလည်းကောင်း၊ ရဲအားလောင်းလျက်[၁]၊ ရှစ်သောင်း လေးထောင်၊ ဆောင်သား ယူဇနာ[၂]၊ ရေထဲမှာကား၊ မုတ္တာလုံးညီ၊ သီ၍ထုတ်သို့၊ မယုတ်မလွန်၊ ကျွန်ုပ်ကျွန်လည်း။ ။ တမ်းခွန်တင် ပါပြီးသတည်း[၃]။

၂၈။ ထိုကြောင့်ရကား၊ ကျွန်ုပ်အားကို၊ နောင်ဖွားတို့နှယ်၊ မှူ ကြီးငယ်၌၊ ခိုင်းပယ်သောခါ၊ ကုံမည် သာဟု။ ။ မြဲစွာအယူ မှတ် ကော်မူလော့။

× × ×

၆။ ဇနပုဒ်ပေးအံ့ဟု ခမည်းတော်မိန့်ဆိုခန်း

တုယှမ္ပိ ဇနပဒံ ဒေမိတိ။

၂၉။ ဤသို့ဝန္တံ၊ ကြပ်ကြပ်ခံ၍၊ မရွံ့မရှာ[၄]၊ ကေသရာသို့၊ မင်း လျာလုလင်၊ ဆိုလတ်ကျင်သော်[၅]၊ ဂုဏ်အင်မြောက်မြား၊ ခမည်းအား လည်း၊ စည်ပွားဖြိုးခိုင်၊ တိုင်းခရိုင်ကို၊ တစိုင်တတွေ၊ ခြွေရွေမကွဲ၊ စုခဲစရာ၊ လောက်စွာကံကျေး၊ ယခုပေး၏၊ သားထွေးဖခင်၊ ယူစေ ချင်ဟု။ ။ နတ်ရှင်ကျေးကြီးနှင်းသတည်း[၆]။

၃၀။ ကျေးကြီးနှင်းထ၊ ထိုခဏဝယ်၊ ဘုရားအလျာ၊ ဆရာထိ နှီး၊ သင်လိုက်ပြီး၍၊ ဆိုသီးနှုတ်မြန်၊ မင်းသားမွန်ကား၊ ရွာစွန်တိုင်း ကျပ်၊ ဝေးရပ်မြေခေါင်၊ ညီနောင်အများ၊ ကြွင်းမဲ့သွားမူ[၇]၊ ဘဘွား ရှင့်ထံ[၈]၊ လွန်ဆိတ်ညံအံ့၊ သက်နံ့စုပုံ၊ ခြေတော်စုံကို၊ ပိုက်ခြံဖက် ယမ်း၊ ပန်းနှယ်နမ်းလျက်၊ ဝတ်နွမ်းအနည်း၊ တစ်ထည်တည်းနှင်၊

၁။ ရဲအား ပေါင်းလျက်၊
၂။ ဆောင်သားရတနာ၊
၃။ တတ်ပွန် တွင်ပါပြီးသတည်း။
၄။ အရွံ့မဲ့ပါ။
၅။ ဆိုလတ်ချင်သော်၊
၆။ နှင်းလတ္တည်း။
၇။ ကြွင်းမဲ့ညားမူ၊
၈။ ဘုရားရှင်ထံ၊

mgyoe.com

mgyoe.com



ကပ်ဆည်းဝင်ထွက်၊ ညနံ့နက်လျှင်[၁]၊ ရွှေစက်နှစ်ပါး[၂]၊ ဖဝါးတော်အောက်၊ ကြာပင်ရောက်သို့[၃]၊ လက်မြှောက်ဦးတင်၊ မြဲလှချင်၏၊ ဖခင်မျက်နှာ၊ မြင်ရပါက၊ သာယာစမ္ပူ၊ နှိုင်းတုမမြော်၊ ကျွန်ုပ်ပျော်ဟု။ ။ နားတော်လျှောက်လေ လျှင်းသတည်း[၄]။

၃၁။ ရွှေနန်းသခင်၊ ဘဝရှင်လည်း[၅]၊ ဆင်ခြင်သဖြင့်၊ သမ္ဘာရင့်သို့၊ မဖွင့်ပိတ်ဖုံး၊ သူ့နှလုံးကို၊ ကျုံးဘိသောလား၊ ကြိုက်ငြားဖွယ်ဖွယ်၊ ရွေးချယ်စုံစမ်း၊ ရိပ်ခြည်ဖမ်းက၊ မသမ်းမြူမှဲ့၊ ကြေးမုံကဲ့သို့၊ ပြဲ့ပြဲ့အယူ၊ ထင်သောဟူ၏၊ ထို့တူလည်းကောင်း၊ သားထွေးနှောင်းလျှင်၊ အကြောင်းတို့ကို[၆]၊ ငါမဆိုလျက်၊ ငါ့လိုသိလှ၊ လိမ္မာစွဟု၊ အားရဝမ်းသာ၊ နှစ်သိမ့်စွာ၍[၇]၊ ရပ်ရာမလွှဲ[၈]၊ မြဲမိမ့်နူးညွတ်၊ ခွင့်ပေးလတ်သည်။ ။ လေးမြတ်မေတ္တာသွင်းသတည်း။

၃၂။ ရှေးသံသရာ[၉]၊ (*)ကြမ္မာချိုးပင့်၊ သင့်တင့်ရပ်နေ၊ မိတ်ဆွေပေါင်းဖော်၊ သူတော်လည်းငြား၊ ကိုယ်အားဆုံးမ၊ စက္ကလေးမည်၊ ပြည့်စုံတည်၍၊ မြင့်ရှည်ထွက်ခေါင်၊ နန်းတိုင်အောင်လျှင်၊ ဖွဲ့နှောင်ပြီးစီး၊ ငြမ်းကြီးဆင်ထ၊ သံဝရကား၊ ချစ်ဘထွေငေါ်၊ အမိန့်တော်ကို၊ ကြားသော်အစ၊ ထိုနေ့ကလျှင်[၁၀]၊ မြဲလှထံပါး၊ ရှိညွတ်တွားလျက်။ ။ ခစားရှေးထက် ပြင်းသတည်း။

၃၃။ ထိုသို့လွန်ပြင်း၊ ခစားခြင်းဖြင့်၊ ဘ–မင်းအထံ၊ ရှိကျိုးနွံ

---

၁။ ညဥ့်နံ့နက်လျှင်၊
၂။ ရွှေဆက်နှစ်ဘော်၊
၃။ ကြာပင်ပေါက်သို့၊
၄။ လျှောက်ပေလျှင်းသတည်း။
၅။ ဘဝရှင်သည်၊
၆။ အကြောင်းဝှက်သို့၊
၇။ နှစ်သက်စွာ၍
၈။ ရပ်ရာမလှဲ။
၉။ ရှေးသင်သရာ
(*) (ဝိသနာဖြင့်)
၁၀။ ထိုနေ့ကသည်၊

mgyoe.com